
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့် ယှက်ဖျက် ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
- နိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥ
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၁၈၁၂၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၀၅၀၈၀၉

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၉ခုနှစ်
အုပ်ရေ ၅၀၀၊တန်ဖိုး ၁၀၀ကျပ်

နှလုံးသားနှင့်ကန်တဲ့ဘောလုံး(၃)/နီကိုရဲ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၀၉။
၁၃၃-စာ ၊ ၂၀.၅ x ၁၃ စင်တီ။ (၁)နှလုံးသားနှင့်ကန်တဲ့ဘောလုံး(၃)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ဂိုစ့်ထ်ရွေးတဲ့ရိုးရာ ၅

၂။ ဂိုစ့်ထ်ရွေးတဲ့ရိုးရာ ၁၅

၃။ ဂိုစ့်ထ်နဲ့ ဗန်းစကား ၂၃

၄။ ဂိုစ့်ထ်နဲ့ ဗန်းစကား ၃၃

၅။ ဂိုစ့်ထ်နဲ့ ဗန်းစကား ၃၉

၆။ သောင်းချာဖြတ်တဲ့ Ghost ၄၅

၇။ သောင်းချာဖြတ်တဲ့ Ghost ၅၃

၈။ တစ် GHOST တည်း ဒါပေမယ့် နံပါတ်သုံး ၅၉

၉။ တစ် GHOST တည်း ဒါပေမယ့် နံပါတ်သုံး ၆၇

၁၀။ မန်ယူ... ရှုံးတဲ့... ည ၇၁

၁၁။ မန်ယူ... ရှုံးတဲ့... ည ၇၉

၁၂။ နာမည်ကြီးတွေ လွဲတဲ့ည ၈၇

၁၃။ နာမည်ကြီးတွေ လွဲတဲ့ည ၉၇

၁၄။ နာမည်ကြီးတွေ လွဲတဲ့ည ၁၀၅

၁၅။ နာမည်ကြီးတွေ လွဲတဲ့ည ၁၁၁


၁၆။ ယူရို 'ရင်ခုန်' ၁၁၇

၁၇။ ဆရာလုပ္ပွဲ ၁၂၅


ကြောင်နှစ်ကောင်စာအုပ်တိုက်

# ဂိုစ့်ထ် ရွေးတဲ့ရိုးရာ (၁)

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မန်ယူ–အာဆင်နယ်ပွဲအစ လူစာရင်းကိုကြည့်ပြီး အာဆင်နယ်က အရန်လူတွေပဲ ထည့်ကစားဖို့ စာရင်းကို တွေ့လိုက်ရတာနဲ့ အာစင်ဝင်းဂါး လူလည်လုပ်ပြီဆိုတာကို နီရှောင်ပွားတို့ (၃) ဦး သိလိုက်ရသည်။

အာစင်ဝင်းဂါးက သေချာနေတာကို အပိုင်ရရှိဖို့သာ ကြိုးစားတော့မည်ဆိုတာ သိသာထင်ရှားလွန်းနေသည်။ ဒီနှစ် သူ့အတွက် ပရီးမီးယားလိဂ်ဖိုလ်စွဲရေးပစ်မှတ်ကို အဓိကထားကြောင်း အရန်ကစားသမားတွေနှင့် ပြသွားခဲ့သည်။ မန်ယူကတော့ လူသူလေးပါး အစုံအညီနှင့် အပီအပြင် ထွက်လာခဲ့၏။

ပွဲမကောင်းတော့မှန်း လူစာရင်းထွက်လာကတည်းက သိသာသော်လည်း မြန်မာနိုင်ငံမှာတော့ မန်ယူအသင်းက လာအိုအသင်းနဲ့ ကန်လည်းကြည့်မှာပဲဆိုတဲ့လူတွေ ရှိတဲ့အတွက် မန်ယူပွဲကိုသာ ပြသည်။





ဒီတော့ နီရှောင်ပွားတို့လည်း မန်ယူပဲပေါ့။

ဒါတောင် မန်ယူမှာ ရော်နယ်ဒိုကလေး မပါလို့ မကျေနပ်တဲ့လူက မကျေနပ်ဖြစ်ကြသေး၏။ အာဆယ်နယ်ကတော့ ဂိုက်တီနဲ့ ထရာအိုရေးတို့ကို တွဲစေပြီး တိုက်စစ်ကို ဘန်တနားနဲ့ ဒါဆေးလ်ဗားတို့အတွဲကို ထား၏။ အလယ်တန်းမှာ ဖာဘရီဂက်စ်နဲ့ ဆေးလ်ဗားတို့အတွဲကို ထားသည်။

စ,ကစားကြတော့ အာဆင်နယ်သည် လူပေးမရောက်... ဆွဲ... ခေါက်... မလွတ်... စနစ်နှင့် မန်ယူကို ရင်ဆိုင်ခဲ့လေသည်။

"ဝင်းဂါးကြီးက FA ပွဲကို လုံးဝအရှုံးတွက်ထားလိုက်ပြီကွ၊ အာဆင်နယ် အလယ်တန်းက ဘောလုံးကန်တာနဲ့ မတူဘူး၊ ဘောလုံးလေ့ကျင့်နေသလို ဖြစ်နေတယ်"

"မန်ယူက သေသေချာချာ ကစားလိမ့်မယ်ကွ၊ ဖာဂူဆန်ကြီးက သူ့လူတွေကို စိတ်ဓာတ်ရေးရာအရ အနိုင်ရချင်နေလိမ့်မယ်။ အာစင်ဝင်းဂါးကတော့ ငြင်ငြင်သာသာ အရှုံးပေးဖို့ သူ့လူတွေကို သူ မှာထားလိမ့်မယ်"

ပွဲစကတည်းက တိုက်စစ်ကို ဖိကစားခဲ့သော မန်ယူသည် (၁၆) မိနစ်တွင် ထောင့်ကန်ဘောကနေ အန်ဒါဆန် ခေါင်းတိုက်ချက်ကတည်းက ဂိုးဝင်ရမှာဖြစ်သော်လည်း ဂိုးလာဘက်ရှိတဲ့ ရွှန်နီနဲ့ တွေ့မှပဲ ဂိုးစရသွားခဲ့သည်။ 'ဂိုး' ဟူသော အော်သံကြီးကို ကျေနပ်အားရလောက်အောင် ကြားရပြီးနောက် ဝေဖန်သံတွေ ချီးကျူးသံတွေနှင့် ဆူညံကျန်ရစ်ခဲ့သည်။ နီရှောင်ပွားတို့ (၃) ယောက်လည်း ထိထိရောက်ရောက် ဝေဖန်သူကို မတွေ့ရသဖြင့် စိတ်ပျက်နေကြရ၏။

(၁) ဂိုးပေးလိုက်ရသဖြင့် အာဆင်နယ်က ထုံးစံအတိုင်း ခပ်သွက်

www.burmeseclassic.com



သွက်နဲ့ ပြန်ဖိကစားပေမယ့် အလယ်တန်းမှာ ပျက်ချင်ပျက်၊ မပျက်ရင် အလယ်တန်းကအထွက်မှာ ပျက်တာကြောင့် မန်ယူဂိုးသမား၊ ဗန်ဒါဆား မြန်မာနိုင်ငံထုတ် ဂျာနယ်တွေကို စာလုံးပေါင်းပြီး ဖတ်လို့ရသလို ဖြစ်နေသည်။ အလယ်တည်မရသဖြင့် ဘောလုံးက မန်ယူနှင့် သမီးရည်းစားလို ဖြစ်၍နေသည်။

"ဒုတိယ (၁) ဂိုး မန်ယူက သွင်းပြီးရင် ပွဲပြန်ကောင်းလာလိမ့်မယ်၊ အာဆင်နယ်ဟာ (၂)ဂိုးပေးပြီး (၁) ဂိုးပြန်ရရေးဆိုတဲ့မူနဲ့ ကစားလိမ့်မယ်။ မန်ယူကလည်း မကြာခင် (၁) ဂိုးထပ်သွင်းလိမ့်မယ်၊ ဒါမှ ပွဲကကြည့်လို့ ကောင်းမှာ"

အားတက်သရောလည်းရှိ၊ ကြည်လင်ပြတ်သားတဲ့ အသံလည်းရှိပြီး အနိုင်အရှုံးထက် ပွဲကြည့်ကောင်းရေးကို ဦးတည်ပြီး ပြောနေတဲ့အသံကြောင့် နီရောင်ပွားတို့ လှမ်းကြည့်တော့ ဆွယ်တာအင်္ကျီ နီညိုရောင်ကလေး ဝတ်ထားပြီး ရည်မွန်သားနားတဲ့ အသက် (၃၀) အရွယ် လူငယ်တစ်ယောက်ကို တွေ့ရ၏။ ဒီတစ်ခါတော့ ဝေဖန်သံတင်မဟုတ်၊ ဥပမိရုပ်နှင့် အသက်အရွယ်ကိုပါ နီရောင်ပွားတို့ လေ့လာကြသည်။ အချင်းချင်း လက်ကုတ်နေစဉ်မှာပင် 'ဂိုး' ဟူသော အသံကို ကြားရပြန်သည်။

ထင်မှတ်မထားသည့် ဂိုးဖြစ်သောကြောင့် တော်တော်များများ မကြည့်လိုက်ကြရ။ သတိမထားမိလိုက်ကြသဖြင့် Replay ကျမှ ပြန်ကြည့်ကြရသည်။ ဘယ်တောင်ပံမှ ဆွဲလာသော နာနီကို အာဆင်နယ်နောက်ခံလူက တာဝန်ကျေဝင်ကပ်သည်။ နာနီကလည်း တစ်ချက်ဖိန့်ပြီး တာဝန်ကျေကန်တင်ပေးသည်ကို အကွက်လှသွားတာ မြင်လိုက်သည့် ဖလက်ချာက ခေါင်းတိုက်သွားသဖြင့် ဒုတိယဂိုး ရရှိသွားခြင်းဖြစ်သည်။





"အာဆင်နယ် ပြန်ချေမယ့်ဂိုးကိုတော့ ကြည့်ရမယ်၊ အာစင်ဝင်းဂါးရဲ့ လူသစ်တွေက အတွေ့အကြုံနဲ့ ကျွမ်းကျင်မှု သိပ်မရှိသေးတော့ အလယ်တန်းကလူ သွင်းတာပဲ ဖြစ်ဖို့များတယ်"

ထိုလူ့စကားကြောင့် အနီးနားက ပွဲကြည့်သူ တော်တော်များများက ပြိုင်ပွဲကို တော်တော်လေး စိတ်ဝင်စားလာကြတာကို တွေ့ရသည်။ ထိုလူ၏စကားကိုလည်း အရေးထားကြတာတွေ့ရ၏။

"ဘယ်လိုလဲရောင်၊ ပွဲကမကောင်းပေမယ့် သူ့မှတ်ချက်ကလေးတွေက ကောင်းတယ်နော်"

"သူက ဘောလုံးဝေဖန်ရေးသမား မဟုတ်ဘူးကွ၊ သူက ဒီပွဲမှာ Presenter (အစီအစဉ်တင်ဆက်သူ) အဖြစ် လုပ်နေတာကွ၊ သူက ပွဲကို ကြည့်လို့ကောင်းအောင် လုပ်ပေးနေတာ"

"အေး ငါကတော့ သဘောကျတယ် မောင်နီလေးရဲ့၊ ဒီလိုလူလည်း လိုတာပဲလေ"

"မှန်တာပေါ့ ပွားကိုကိုရယ်"

"လူငယ်ချင်း ယှဉ်မယ်ဆိုရင်တော့ မန်ယူလူငယ်က အာဆင်နယ်လူငယ်ထက် သာတာအမှန်ပဲ။ အာစင်ဝင်းဂါးက သူ့လူငယ်တွေကို စကားနဲ့မဆုံးမဘဲ သူ့အတွက် မလိုတော့တဲ့ ဘောလုံးပွဲတစ်ပွဲနဲ့ ဆုံးမသွားတာ၊ ဒီလိုပွဲမျိုးသာ သူ့လူသစ်တွေအတွက် စီစဉ်ပေးရမယ်ဆို မန်ယူကိုခေါ်ကန်ဖို့ လွယ်မလား"

"ဟုတ်တယ်နော်၊ ဘောလုံးလောကမှာ ဒီလိုအသုံးချတတ်မှုမျိုးသာ လိုအပ်တယ်၊ အဲဒါကို မြင်တတ်တဲ့ ခင်ဗျားကိုလည်း လေးစားတယ်ဗျာ"

"ဒါက ကျွန်တော်က သူတို့လူမျိုးတွေရဲ့ အကျင့်ကို သိနေလို့

www.burmeseclassic.com



မှန်းကြည့်တာပါ။ သူတို့လူမျိုးဟာ ကံတရားကိုယုံတဲ့ လူမျိုးမဟုတ်ဘူး။ သူတို့အတွေးထဲမှာ ကံတရားမရှိဘူး။ ထည့်ကိုမတွေးတတ်ဘူး။ ရှုံးပြီဆိုရင် ဘယ်တော့မှ ကံမကောင်းလို့ ရှုံးတာမဟုတ်ဘူး။ ရှုံးသင့်လို့ကိုရှုံးတာ၊ ကံဆိုတာကို ယုံတာက ကျွန်တော်တို့ အာရှတိုက်ဘက်ပဲ ရှိတာကိုး”

“ကောင်းတယ်ဗျာ၊ ခင်ဗျားတွေးကွက်က”

“ပြီးတော့ သူတို့လူမျိုးဟာ အလွယ်တကူ အရှုံးပေးတတ်တဲ့လူမျိုး မဟုတ်ဘူး။ ကြည့်ပါလား။ စစ်ရှုံးလို့ ဆုတ်ခွာတယ်ဆိုတာတောင်မှ အောင်မြင်စွာ ဆုတ်ခွာတယ်ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ အဲဒါတွေကို ထည့်တွက်လိုက်ရင် ဒီပွဲမျိုးက သိသာပါတယ်”

“ဒါဆို မန်ယူကရော...”

“မန်ယူကတော့ သိသိသာသာ အနိုင်ရအောင်ယူတာပါ၊ စပါးကို ရှုံးခဲ့တဲ့အတွက် ဖာဂူဆန်မှာ စိတ်ဓာတ်ရေးရာအရ အနိုင်ယူဖို့လိုနေတယ်။ ပြီးတော့ အာဆင်နယ်ဆိုတာက ပရီးမီးယားလိဂ်မှာ ခါးသီးပြိုင်ဘက် မဟုတ်လား။ ဒီတော့ သူ့လူတွေအတွက် အနိုင်ကို စိတ်ဓာတ်မြှင့်တင်ရေး အစာအတွက်လို့ ဖာဂူဆန်က သဘောထားလိမ့်မယ်”

အပေးအယူ တည့်တည့်နှင့် စကားကောင်းနေချိန်မှာပင် မန်ယူက တတိယတစ်လုံးကို နာနီက လူကျွံဘောလို့ထင်ရသည့် (ဘောလုံးနဲ့အတူ ယှဉ်ထွက်တာလို့ Replay မှာ အသေအချာမြင်ရတဲ့) ဂိုးကို ဘယ်ခြေနဲ့ လေးမန်းရဲ့ ညာဘက် အဝေးထောင့်ကို ကန်သွင်းသွားခဲ့သည်။ ကန်သွင်းချက်၊ ညာခြေနဲ့ ဖမ်းကန်ချက်ပါ ပိရိသေသပ်သည့်အတွက် လှပတဲ့ ဂိုးတစ်ဂိုး ဖြစ်ခဲ့သည်။

ပထမပိုင်းမပြီးခင် ရှောင်က ပရိသတ်ထဲက လူတစ်ယောက်ကို





သူတို့ သဘောကျထားသည့် Ghost အကြောင်း စုံစမ်းရသည်။

“ဟာ... သူ ဘောလုံးပွဲကြည့်တာက တစ်မျိုးဗျ၊ ဘောလုံးပွဲတွေ အကြောင်းကို သူပြောတာက သိပ်စနစ်ကျတယ်။ အတူတူကြည့်ပြီးသား ပွဲကိုပဲ သူ ပြန်ပြောပြရင် သိပ်နားထောင်လို့ကောင်းတယ်။

သူ ပြောပြတော့မှ လှတဲ့အကွက်လေးတွေ သတိထားစရာတွေကို ပြန်သတိရတတ်တယ်”

“သူက ဒီလိုပဲ နေ့တိုင်းလာကြည့်တာလား”

“တစ်ခါတလေတော့ မလာဘူးဗျ၊ အိမ်မှာပဲ ကြည့်တယ်ထင်တယ်။ သူ့အိမ်မှာ စလောင်းကိုယ်ပိုင်ရှိတာဗျ၊ သူက ဘယ်တော့မှ အိမ်မှာမကြည့်ဘူး။ ဒီမှာပဲ လာကြည့်တာ၊ သူ့အိမ်မှာကြည့်ရတာ ပျင်းတယ်တဲ့”

“သြော်... ဒါဆို ဒီလူ့အိမ်က ချမ်းသာတာပေါ့နော်”

“အာ... ချမ်းသာတာပေါ့၊ ဒီရပ်ကွက်မှာ နာမည်ကြီးတွေပဲ၊ ပြီးတော့ ဒီလူက ပညာတတ်ဗျ၊ အင်္ဂလိပ်စာအုပ်တွေဘာတွေ ဖတ်နိုင်တယ်၊ အာဆင်နယ်တို့၊ လီဗာပူးလ်တို့၊ ချယ်လ်ဆီးတို့၊ ဘလက်ဘန်းတို့ အဲဒီ အသင်းတွေအကြောင်းကို သူက သမိုင်းကြောင်းနဲ့ သိတာ၊ ဒါပေမဲ့...”

❐



www.burmeseclassic.com

www.burmeseclassic.com

# ဂို့စ်ထ်ရွေးတဲ့ရိုးရာ (၂)

www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးခင်မှာ ပထမပိုင်းပြီးသည်နှင့် စကားသံတွေ၊ ဝေဖန်သံတွေ၊ ပြန်ကြသူတွေ၊ နေရာပြောင်းသူတွေ၊ လက်ဖက်ရည်မှာသူတွေနှင့်မို့ ရှောင်တို့စကားဝိုင်းလည်း အခြေအနေအရ ရပ်သွားကြ၏။

"ကဲ... ဒီတစ်ခါတော့ သေချာပြီ၊ ဆွေးနွေးကြည့်မလား၊ ပါးစပ်က အရက်နံ့လည်း မရဘူး၊ ကြားတဲ့အတိုင်း လူကလည်း လူရည်သန့်၊ အင်္ဂလိပ်စာကလည်း ကောင်းလိုက်သေးတာတဲ့"

"ဒါပေါ့ ပိုက်ဆံရှိတယ်ဆိုတော့ ပြောရတော့ ခက်မယ်ထင်တယ် ရှောင်"

"ဘာဆိုင်လို့လဲ နီရဲ့၊ ဝါသနာနဲ့ ပိုက်ဆံရှိတာနဲ့၊ အခု သူ့အိမ်မှာ စလောင်းရှိရက်နဲ့တောင် ဒီကိုလာကြည့်နေပြီ မတွေ့ဘူးလား၊ ငွေရေးကြေးရေးနဲ့ ဝါသနာက တခြားစီပဲလေ..."





"ကဲ... ဒါဆို ကိုယ်ကပဲ သူ့ကို သွားဖိတ်လိုက်ပါမယ်၊ တို့ စကားပြောကြည့်ကြတာပေါ့"

သူတို့သုံးယောက်ထဲတွင် Talking အကောင်းဆုံးဖွားက ထထွက်သွားသဖြင့် နီနှင့်ရှောင် ကျန်ခဲ့ကြသည်။

"Ghost တစ်ယောက်ရရင်တော့ အဲဒီ Ghost ဆီက Plan အရင်ထုတ်ပြီး လုပ်ငန်းစကြရအောင်ကွာ၊ AFC President's Club အသင်းပြိုင်ပွဲကို ကမ္ဘောဇအသင်းသွားပြိုင်မှ သိရတော့ တို့တွေ ခြေလှမ်းနောက်ကျနေပြီဆိုတာ သေချာနေပြီကွ..."

"ဒီကိစ္စမျိုးက အရင်းအနှီးများတဲ့ကိစ္စမို့ ကိုယ့်ဘက်က သေချာမှ ကောင်းတာ၊ စောင့်ရတာကိုက အရင်းအနှီးလို့ မှတ်ထားပေါ့ ရှောင်ရဲ့"

သူတို့ စကားပြောနေစဉ်မှာပင် ဖွားနှင့်အတူ ထိုလူ ပါလာသည်။ ရည်မွန်သေသပ်စွာ မိတ်ဆက်ပွဲကလေးပြီးတော့ ဖွားကပင် စကားစပေးသည်။

"ငါတို့က စကားစပ်မိရင်း မန်ယူ စထူထောင်တုန်းက အကြောင်းတွေ ပြောနေကြတာ၊ တို့ရဲ့ G ကတော့ အားလုံးကို နှံ့စပ်တယ် မောင်တို့ရေ"

"ကျွန်တော့်ကို ကိုနိုင်ပဲခေါ်ပါ၊ လူကြီးမင်းတို့ရဲ့ (G) အဖြစ်နဲ့တော့ မဆက်ဆံပါနဲ့ခင်ဗျာ"

"OK လေ... ဒါဆို ကိုနိုင် အခုပြောလက်စ မန်ယူအကြောင်းပဲ သူတို့ကို ဆက်လိုက်ပါဦး"

"ကောင်းပြီလေ... ဒုတိယကမ္ဘာစစ်မှာ မန်ယူ ဂျာမန်ဗုံးဒဏ် ခံရတုန်းက နာမည်က မန်ယူမဟုတ်သေးဘူးဗျ၊ အသင်းရဲ့ မူလနာမည်က



www.burmeseclassic.com

www.burmeseclassic.com



Newton Health တဲ့ဗျ၊ အဲဒီမှာ ဘုတ်အဖွဲ့က နာမည်တွေ အမျိုးမျိုး ရွေးခဲ့တယ်၊ ကျွန်တော်မှတ်မိသလောက်က Manchester Central ရယ်၊ Manchester Celtic ရယ်ပဲ၊ နောက်ဆုံးကျမှ Manchester United ဖြစ်သွားတာ၊ အဲဒါ ၁၉၀၂ ခုနှစ်ကပေါ့"

"ချမ်းသာပြီ... ချမ်းသာပြီ..."

ဝမ်းသာအားရကြီးထွက်လာသော ပွား၏အသံကြောင့် ကိုနိုင် ကြောင်၍သွား၏။ ပွားမှာ ဗဟုသုတနှင့်စပ်သော လေယူလေသိမ်း အပြော အဆိုကောင်းမွန်လှသော ကိုနိုင့်ကို သဘောကျလွန်းသောကြောင့် ထွက် လာသောအသံဖြစ်သည်။

"ဘာမှမဟုတ်ပါဘူး ကိုနိုင်၊ ပွားက ဝမ်းသာလို့ ပြောတာပါ၊ ဆက်ပြောပါခင်ဗျာ ကျွန်တော် စိတ်တော်တော်ဝင်စားနေပါပြီ"

"ကျွန်တော်ဆိုလိုတာက အောင်မြင်ခဲ့တဲ့ အသင်းတွေ ဆိုတာက အရင်တုန်းက ပြဿနာတွေအများကြီးကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတယ် ဆိုတာပါ၊ အခု ဒီကလူတွေက မန်ယူဆိုတာကို သိတာ ဆယ်စုနှစ်ကျော် ကျော်ကလေးပဲ ရှိသေးတာလေ"

"မှန်တာပေါ့ ကိုနိုင်ရာ၊ ဒါမျိုးက ကိုနိုင်တို့လို လေ့လာရေးကောင်းတဲ့ စာအုပ်စာတမ်းဖတ်နိုင်တဲ့ သူတွေမှပဲ ဒါမျိုးက သိနိုင်တာပါ၊ အဲဒါကိုပဲ ကျွန်တော်တို့ကလည်း တန်ဖိုးထားနေတာပါ"

"ကျွန်တော့်လေ့လာမှုကို အသိအမှတ်ပြုတဲ့အတွက် ကျေးဇူး အရမ်း တင်ပါတယ်ဗျာ၊ ဒီလိုနားထောင်မယ့်သူ ရှိလို့ကတော့ ကျွန်တော်က မထ တမ်း ပြောချင်တာ"





စကားဝိုင်းမှာ အပေးအယူတည့်နေသော အသင်းတစ်သင်း ကစား သလို ကြည့်၍ကောင်းလာပြီ။ စိတ်ဝင်စားစရာတွေ ပါလာပြီဖြစ်၏။

"မန်ယူဟာ နာမည်အသစ်နဲ့ ပြန်လည်ထူထောင်ရေးကာလမှာ အခက်အခဲ တော်တော်များများကို ရင်ဆိုင်ခဲ့ရတယ်၊ ၁၉၃၂ ခုနှစ်မှာ ဒုတိယတန်းအထိ ဆင်းသွားတယ်ဗျာ၊ အသင်းက ဒေဝါလီခံရတော့မယ့် အဆင့်အထိ ရောက်သွားတာ"

"သြော်... တော်တော် အခြေအနေဆိုးသွားတာပေါ့နော်"

"ဟုတ်တယ်ဗျာ... နာမည်သစ်ပေးခဲ့ကြတုန်းက ရိုးရာပွဲတင်တာ မှားတာလည်း ပါတယ်၊ အမှန်တော့ သူတို့ဟာ ကိုကြီးကျော်ကို မေ့ခဲ့ ကြတာကိုးဗျ၊ မင်းကြီးမင်းလေးကို တိုက်စစ်နေရာမှာ ထားတာတော့ ဟုတ်ပါတယ် ဒါပေမဲ့..."

"ကို... ကိုနိုင် ဘာတွေပြောနေတာလဲဗျာ၊ ကျွန်တော်တို့ ပြောနေ တာက မန်ယူအကြောင်းလေဗျာ... ကျွန်..."

"ဟုတ်ပါတယ်... ရိုးရာသဘောက သိမ်မွေ့မှုတွေအများကြီး ရှိ တာကိုးခင်ဗျ၊ အင်တာနေရှင်နယ် ဘောလုံးပွဲတွေဟာလည်း ဒီကမ္ဘာကြီး ထဲမှာပဲ ကျင်းပနေတာဆိုတော့ မြင်အပ် မမြင်အပ်တဲ့ နတ်တွေ ဗြဟ္မာတွေ အားလုံးနဲ့ ပတ်သက်နေတာပဲ၊ အိုးလ်ထရက်ဖို့ဒ်မှာပေမယ့် အဘဘိုးမင်း ခေါင်နဲ့ မပတ်သက်ဘူးလို့များ အစ်ကိုကြီးတို့က ဆိုလိုချင်လို့လား"

"ဟိုက်... ပုဂ္ဂိုလ်တို့ရေ တို့ ဘယ်တွေဆီ ရောက်ကုန်ပြီလဲ၊ ကိုနိုင်... ကိုနိုင် နောက်နေတာတော့ မဟုတ်ပါဘူးနော်၊ ကျွန်တော်တို့ပြောနေတာ အိုးလ်ထရက်ဖို့ဒ်တို့ ဘာနေဗျူးတို့တွေလေ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို ပြောတာပေါ့... ကျွန်တော်တို့တစ်တွေ အမြင်တိမ်နေကြတယ်၊ ကျွန်တော်တို့က ဂြိုဟ်တုစလောင်းကလေးတွေ တပ်တော့မှ ဘောလုံးပွဲဆိုတာ ကြည့်ဖူးတာပါ၊ နတ်ပြည်ခြောက်ထပ်ကနေ ကုသိုလ်အင်အားစုတွေက ဒီပွဲတွေကို ကြည့်နေတာ ဘယ်လောက်ကြာပြီလဲ၊ အမေရိကန်ကတွေ့တဲ့ ဂြိုဟ်သားဆိုတာ တကယ်တော့ နတ်သားတွေကို ပြောတာပါပဲ၊ ဒီတော့ ဖာဂူဆန်ရော၊ အာစင်ဝင်းဂါးရော၊ ကာပယ်လိုရော ရိုးရာကိုတော့ သတိထားရမယ်၊ ရိုးရာကိုမေ့ရင် ဒုက္ခတွေ ရောက်ကုန်လိမ့်မယ်ဆိုတာတော့ ကျိန်းသေတယ်ဗျာ"

ယဉ်ကျေးသိမ်မွေ့စွာပြောနေသည့် စကားကြောင့် လေသံကြောင့် အမူအရာကြောင့် နီရှောင်ပွားတို့သုံးဦး ဘာလုပ်ရမှန်း မသိကြတော့။ တစ်ယောက်နှင့် တစ်ယောက်ကြည့်ရင်း ဣန္ဒြေရရကလေး ရောက်နေသည့် ဒုက္ခက ရုန်းထွက်ဖို့ စဉ်းစားနေစဉ်...

"ဟယ်... ကိုနိုင်ရယ် ဘယ်တွေရောက်နေတာလဲ၊ ရှာလိုက်ရတာ"

"ဘာကိစ္စရှိလို့လဲ နွယ်ရဲ့... ဒီမှာ အစ်ကိုကြီးတွေကို ရိုးရာကိစ္စ ရှင်းပြနေတာ၊ ဒီအစ်ကိုကြီးတွေက ကိုနိုင်နဲ့ ဘောလုံးအကြောင်း ပြောချင်လို့တဲ့"

"ဩော်... ကောင်းတာပေါ့ ကိုနိုင်ရဲ့... ဆေးသောက်လိုက်ဦးနော်၊ ဆေးသောက်ပြီးရင် ကြိုက်သလောက်ပြော ဟုတ်လား"

"ရိုးရာကိစ္စ ရှင်းပြနေလို့ နွယ်ရဲ့... ပြီးမှ သောက်မယ်လေ..."

"အခု လိုက်သောက်လိုက်ပါ ကိုနိုင်ရဲ့၊ ဒီက အစ်ကိုကြီးတွေက စောင့်နေမှာပါ၊ စောင့်နေမှာနော် အစ်ကိုကြီး..."





"ဟာ... စောင့်နေမှာ... စောင့်နေမှာ... စိတ်ချ..."

"ရိုးရာကိစ္စ ကျွန်တော် လာပြောမှာနော်... ရိုးရာကိုင်တဲ့ကိစ္စ..."

"OK... OK... OK ပါ..."

ကိုနိုင်က ယဉ်ကျေးသိမ်မွေ့စွာ လာခေါ်သည့် အမျိုးသမီးကလေးနှင့် လိုက်၍ သွားသည်။ ထိုစဉ်မှာပင် 'ဂိုး' ဟူသော အော်သံကြီးကို ကြားလိုက်ရ၏။ မန်ယူအတွက် ဖလက်ချာရဲ့ အပိုင်ခေါင်းတိုက်သွင်းချက်နဲ့ (၄) ဂိုးမြောက်ပါ။

"အာစင်ဝင်းဂါးတော့ ရိုးရာအကိုင်ခံရပြီ၊ တို့လည်း ရိုးရာအကိုင်ခံရပြီဆိုတော့ အေးအေးဆေးဆေး ပြန်ကြတော့မယ် ရှောင်နဲ့ ပွားရေ"

"ရှေ့အပတ်တော့ ရိုးရာမပျက် သဃ်န်းကျွန်းဘက်ပဲကွာ"

❒



www.burmeseclassic.com


www.burmeseclassic.com



# ဂို့စ်ထ်နဲ့ ဗန်းစကား (၁)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"တို့ ဒီနေ့ သွားရမယ့်နေရာက နေရာသစ်ဖြစ်ပြီးတော့ တို့အခုကြည့်ရမယ့်ပွဲကလည်း အရေးကြီးတဲ့ပွဲ ဖြစ်နေတယ်။ ဒီတော့ ငါတစ်ခု စီစဉ်ထားတယ်။ အဲဒါကို သဘောတူရင် လုပ်ကြမယ်။ ငါပြောချင်တာကတော့ ဒါပါပဲ"

နီက ရှေ့က ဘီယာခွက်ကို ဂလောက်ဂလောက်ဖြင့် ကောက်မော့လိုက်ရင်း ဆိုသည်။ ရှောင်နှင့် ပွားက တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ သူတို့ သုံးယောက် တွေ့ဆုံနေပုံက ဖရန်ဆစ်ကော်ပိုလာ (FRANCIS COPPOLA) ရိုက်ကူးသော 'GOD FATHER' လူဆိုးဂိုဏ်းကားနှင့် ခပ်ဆင်ဆင်တူသည်ဟု ထင်နေသည်။

"အေးလေကွာ၊ မင်းက သင်္ဃန်းကျွန်းမှာပဲ ကားထောင်၊ သင်္ဃန်းကျွန်းမှာပဲ ဟိုတယ်ကလေးစဖွင့်ပြီးတော့ သူဌေးလိုင်းကို ဝင်လာတာဆို





တော့ ငါတို့က သင်္ဃန်းကျွန်းဆိုရင် မင်းကိုပဲ မြေပုံလိုသဘောထားခဲ့တာအမှန်ပဲ၊ ဟုတ်တယ်မဟုတ်လား ရှောင်"

"ဒါပေါ့"

ပွားစကားကို ရှောင်က ချိစ်တစ်ဖဲ့ကိုမြုံ့ရင်း ခေါင်းကိုညိတ်သည်။

"အေး... ဒါဆိုရင် ဘောလုံးပွဲနေ့ မတိုင်ခင် ငါတို့ ကျိုက္ကဆံဘုရားကို အရင်သွားရလိမ့်မယ်။ ရှောင်နဲ့ ပွား"

"ဘာ ကျိုက္ကဆံဘုရား ဟုတ်လား"

ဘုရားအသံကြားတာနဲ့ ကားတိုက်ခံလိုက်ရသလိုဖြစ်သွားသော ရှောင့်ကို နီက ပြုံးလေသည်။

"ဟုတ်တယ်၊ ကျိုက္ကဆံဘုရား၊ တို့သွားတွေ့ရမှာက ဘိုးတော်တစ်ပါး"

"ဘိုးတော်၊ ဟုတ်လား"

"ဒီတစ်ခါတော့ ပွားက 'အား' ခနဲ မအော်ရုံတမည် အံ့အားသင့်သွားသည်ကိုလည်း နီက လီဆယ်သည့်သဘောနှင့် မနောခွေ့ဟန်ပြသည်။

"အေး ဒီတစ်ခါတော့ နောက်ဆုံးမှ အဖြေကိုသိရတာတွေ ရှိနေလို့ ပွဲမပြီးခင်ကတည်းက အဖြေသိရအောင် ဘိုးတော်ဆီသွားမှာ၊ ဘိုးတော်မှ ပွင့်ပွင့်လင်းလင်းပြောရရင် ဘိုးတော်မကွ၊ ဘိုးတော်မ"

"ဘာ... ဘိုးတော်မ... ဟုတ်လား"

လန့်ဖြန့်ပြီး ထအော်သည့် ရှောင်ပွားကို နီက ကြောင်က ကြွက်ကို ကစားသလိုမျိုး ခပ်တိုးတိုး ရယ်ပြန်သည်။

"ဟုတ်တယ် ဘိုးတော်မ, လူသားအားလုံးအတွက် လောကီဆိုင်ရာ ကူညီမှုကို ပြုပါတော့မယ်ဆိုပြီး လေးဆယ့်ငါးရက်ကနေ ရက် (၄၅၀)၊



www.burmeseclassic.com

www.burmeseclassic.com



ဟော အခု ရက်လေးထောင့်ငါးရာပြီးလို့ နောက်ထပ် ရက်လေးသောင်းငါးထောင် အဓိဋ္ဌာန်ဝင်တော့မယ့် ဘိုးတော်မ၊ အဲဒီနားက လူတွေအားလုံးကတော့ မော်ဒယ်လ်ဘိုးတော်မလို့ခေါ်တယ်"

"ဟင် မော်ဒယ်လ်လောကကလည်း ဘိုးတော်တွေထဲအထိတောင် ထိုးဖောက်နေပြီလား"

"မဟုတ်ပါဘူး။ အဲဒီဘိုးတော်မက အခုခေတ် မော်ဒယ်လ်ချောချောလို့ပါ"

"အဲဒါဆို တွေ့ချင်ပြီကွာ"

"နေစမ်းပါဦး ရှောင်ရဲ့၊ ဒါကြောင့်မို့ ကောင်မလေးတွေက မင်းကို ဦးရှောင်လို့ တမင်ခေါ်ကြတာ၊ နေစမ်းပါဦး။ အဲဒီဘိုးတော်မက ဘာစွမ်းလို့တုန်း နီရဲ့"

နီက လက်ဝါးနှစ်ဖက်ကို ပွတ်ရင်းပြောသည်။

"ဘယ်နှစ်ဂိုး ဘယ်နှစ်ဂိုးနဲ့ နိုင်မယ်ဆိုတာ တပ်အပ်ကိုပြောနိုင်တယ်"

"ဟာ... ဒါဆို ချမ်းသာပြီပေါ့"

"ပွား သတိထားလေ၊ ဒါ မြန်မာနိုင်ငံကွ၊ ဒီမှာ လောင်းကစားမရှိဘူးလေ"

ပွားကို နီက ၂၀၀၈ တွင် နားမည်ဟု မိမိကိုယ်မိမိ တရားဝင်ကြေညာထားသော အသက်ကြီးကြီး သရုပ်ဆောင်ကြီးတစ်ယောက်၏ အိုက်တင်နှင့် ပြောလိုက်သည်။

"ငါကလည်း ဒီမှာမလုပ်ပါဘူး။ တို့နိုင်ငံကို ကျွန်လုပ်တုန်းက 'မြင်းပွဲ'ဆိုတဲ့ မွဲဆေးပွဲကြီး ဖန်တီးပေးသွားခဲ့တဲ့ အနောက်အုပ်စုမှာပဲ တရားဝင်သွားလောင်းပြီး အဲဒီက နိုင်တဲ့ငွေနဲ့ အဲဒီက ကလပ်အသင်းတွေကို





ဝယ်မှာပါ၊ ဂဏန်းကို သူ့လက်မနဲ့သူ ပြန်ထိုးသတ်သလိုပေါ့ကွာ"

"မင်း အကြံကောင်းတယ် ပွား၊ ငါကတော့ ပေါင်သန်းနှစ်ထောင်လောက် နိုင်အောင်လောင်းပြီးရင်... စီးရီးအေက အောက်အသင်းတစ်သင်းကို ဝယ်ပြီး အင်္ဂလန်မှာ အခြေစိုက်ကလပ်တစ်ခုထောင်ပြီး မန်ယူကို ဖြိုချင်တယ်ကွာ..."

"ပေါင်သန်းနှစ်ထောင်လောက်နဲ့ လောက်မလားကွ"

"မင်းက ဆက်လောင်းနေနင့်လေ၊ ရာရာပိုဇာကိုလည်း ဦးချိန်တီအစာကြေဆေးကြော်ငြာပြီး အစာကြေဆေးကို ဒေါ်လာနဲ့ရိုက်ဦးမှာဆို..."

"ဟာ... အဲဒါက ငါ့ကိုယ်ပိုင်စီးပွားရေးကွ"

"ကဲ... အတွေးနဲ့ ချမ်းသာတာတွေ ခဏရပ်ပြီး လက်တွေ့ကျကျ လုပ်ကြရအောင်"

မစ္စဘိုးတော်ထံသို့ ရောက်တော့ မှောင်ရီပျိုးစ မော်ဒယ်လ်မသိတသိအချိန်။ နေရာမှာ ကျိုက္ကဆံဘုရားကို မြင်ရပြီးနောက် ဟိုကွေ့ဒီကောက်၊ နောက်ဆုတ်ရှေ့တိုး၊ လမ်းဆိုးလမ်းဟောင်း ဘုံဆိုင်ကလေးပေါင်းများစွာကို ဖြတ်ကျော်ပြီးနောက် သစ်သားအိမ်ကြီးတစ် ုံးသို့ ရောက်ရှိလာခဲ့သည်။ အထဲကိုရောက်တော့ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးထဲမှာ ငြိမ်နေသော လူအယောက်ငါးဆယ်ခန့်ကို တွေ့လိုက်ရသဖြင့် ရှောင်နှင့် ပွားပါးစပ်ကလေးများ ဟသွားကြ၏။

"တစ်လုံးလား... နှစ်လုံးလား"

သူတို့ဆရာနီက ဗလာချည်းရောက်လာသော မေးခွန်းစိမ်းကို နှုတ်ခမ်းမသိမ်းဘဲ ပြန်ဖြေသည်။

"တစ်လုံးအတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိးရှိးလား၊ သီးသန့်အပြီးလား"

ရောင်နဲ့ ပွားက ပါးစပ်ကလေးတွေ ဟဖို့ပဲ ခဏငှားထားသလို ဖြစ်နေ၏။

"သုံးယောက် သီးသန့်အပြီး"

"ခဏစောင့်ပါ"

ပွားက တစ်ခုခု မေးဖို့အားယူတဲ့သဘောနဲ့ ပါးစပ်ကလေးကို စုပ်ယူတုန်း နီက မျက်မှောင်ကြုတ်ပြီး ခေါင်းရမ်းပြတာနဲ့ ငြိမ်လိုက်ရတယ်။ ခဏဆိုပေမယ့် မိနစ် (၂၀) လောက်ကြာတော့မှ ခုနကဆရာက ပြန်ထွက်လာတယ်။

"တစ်လုံးထဲအတွက် ဒီနေ့ ညဏ်စဉ် ဘောင်ချာဖြတ်သွားတယ် မနက်ဖြန်မှ ညဏ်စဉ်တက်မယ်"

"ရှိးရှိးပဲဆိုရင်ကော"

"ရှိးရှိးတွက်ဆိုရင်တော့ (၈) နာရီမှာ ညဏ်စဉ်လန်းမယ်... အဲဒီတော့မှ လာပေါ့"

"ကောင်းပြီ... ဒါဆို ကိုယ်တို့ တစ်ခေါက်တက်လိုက်ဦးမယ်"

"အတွယ်နဲ့ တက်မှာလား၊ ဖြုတ်ခဲ့မှာလား"

"အာ... အတွယ်နဲ့ပဲ တက်မှာပေါ့၊ ဘာဖြစ်လို့ ဖြုတ်ခဲ့ရမှာလဲ"

နီက ဦးဆောင်ပြီး ထွက်ခဲ့သဖြင့် သူတို့လည်း နောက်ကလိုက်ခဲ့ကြသည်။ ဘီယာဆိုင်ရောက်တော့ ညပျိုးလေးပျိုးရင်း ရောင်နှင့်ပွားက မေးသည်။

"မင်းနဲ့ ဘိုးတော်မအိမ်ကလူ ပြောကြတာ ဗမာစကားပါနော်"

"အေးလေ ဘာဖြစ်လို့လဲ"





"အသံတွေကတော့ ဗမာစကားသံတွေပါပဲ။ အဓိပ္ပာယ်ကတော့ ငါ လုံးဝနားမလည်ဘူး။ ဘာတွေပြောတယ်ဆိုတာ ရှင်းပြကွာ"

"တစ်လုံးဆိုတာ တို့သွားတဲ့ ဘောလုံးကိစ္စကို ပြောတာကွာ၊ သီးသန့်ကြည့်မယ်ဆိုရင် တို့သုံးယောက်ထဲက တစ်ယောက်ယောက်ရဲ့ ဝိညာဉ်နဲ့ အပြီးကြည့်တာကို ပြောတာကွာ..."

"ပြန်ထွက်လာပြီးပြောတာက မရဘူးဆိုတာ ပြောမှန်းတော့ သိတယ်၊ ဒါပေမဲ့ စကားတွေကို ရှင်းပြဦးကွာ"

"အေးကွာ အဲဒီစကားတွေက ဘယ်ကဘယ်လိုပေါ်လာတဲ့ စကားတွေလဲကွာ"

"မှတ်ထား ရောင်နဲ့ ပွား မြန်မာနိုင်ငံမှာ ဗန်းစကားမှန်သမျှ ကားလောတကပဲလာတာ ၁၉၇၀ လောက်တုန်းက 'ဒိုးတော့မယ်' ဆွဲထား... တို့ဆိုတဲ့ စကားတွေကလည်း ကားလောကကလာတာပဲ၊ လိုက်ပွဲလည်း ကားလောက,ကပဲ၊ ပြီးတော့ လစ်တော့တို့၊ ပုံးပြန်ရိုက်မယ်၊ အမြီးပျောက်ရိုက်တို့၊ အီကြာဆွဲနေတယ်တို့၊ သဘောပေါက်တို့က ကားလောက,က လာတဲ့ ဗန်းစကားတွေချည်းပဲ... အခုနှစ်မှာပေါ်တဲ့ စကား (၂) ခွန်းက လန်းတယ်နဲ့ ဘောင်ချာဖြတ်တာ..."

"အဲဒါ ဘာတွေလဲကွ"

"လန်းတယ်ဆိုတာက အဆင်ပြေတာကွာ၊ အာဆင်နယ်နဲ့ပွဲ လန်းတယ်ဆိုရင် အာဆင်နယ်နဲ့ မင်း အဆင်ပြေခဲ့တယ်ပေါ့။ အဲဒီပွဲမှာ မင်းနိုင်တယ်ပေါ့။ ကောင်မလေးတစ်ယောက် လန်းတယ်ဆိုရင် လှတယ်၊ မိုက်တယ်ပေါ့ကွာ၊ မိုက်တယ်ဆိုတဲ့ နေရာမှာ အခု လန်းတယ်ဝင်လာတာ"

"ဘောင်ချာဖြတ်တယ်ဆိုတာကရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ပြဿနာရှာတာ၊ အဆင်မပြေတာကို ပြောတာကွ"

"ဘာဆိုင်လို့လဲကွာ"

"ဘောင်ချာအဖြတ်ခံရပြီဆိုရင်တော့ မင်း ဘယ်လိုမှ အဆင်မပြေတော့ဘူးပေါ့ကွာ၊ မဟုတ်ဘူးလား"

ရှောင်နှင့်ပွားတို့ ခဏငြိမ်သွားကြသည်။

ဘီယာတစ်ဂျား ရှေ့ရောက်လာပြီး စားပွဲထိုးက အသေအချာငှဲ့ပေးသည်။

နီရှောင်ပွား သုံးယောက် ဖန်ခွက်ချင်းရိုက်ပြီး တို့(စ)လုပ်လိုက်ကြသည်။ ပြီးတော့ ပြိုင်တူကြိုက်ချလိုက်၏။ ပြီးတော့မှ ပွားက အားပါးတရပြောသည်။

"ဟား... အခုမှ လန်းသွားတယ်ပေါ့"

"ဟုတ်တယ်ကွာ... မင်းရဲ့ မစ္စဘိုးတော်က ဘီယာသောက်လာလို့တော့ ငါတို့ကို ဘောင်ချာမဖြတ်လောက်ပါဘူးနော် ဖိုးနီ"

ရှောင့်စကားဆုံးတော့ တစ်ဝိုင်းလုံး အားရပါးရ ရယ်လိုက်ကြသည်။

နီရှောင်ပွားတို့ သုံးယောက် ခဏနားသော ဘီယာဆိုင်ကလေးမှာ ရယ်သံများနှင့် ဆူညံ၍နေလေသည်။

❐



# ဂိုစ်ထ်နဲ့ ဗန်းစကား (၂)

www.burmeseclassic.com

www.burmeseclassic.com



အာဆင်နယ်နှင့်ပွဲမှာ ဒုတိယအကြိမ် ပြန်စလို့ (၁၀) မိနစ်ရှိသည် အထိ အဒီဘေယာ ခေါင်းတစ်လုံး တိုက်ခွင့်ရသည်မှအပ ပွဲမှာ အေးစက် လျက်ရှိသည်။ အာဆင်နယ်က အက်စတွန်ဗီလာကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးလျက်ရှိသည်။ နီရောင်ပွားတို့ သုံးယောက်ကတော့ မစ္စဘိုးတော်၏ စကားများကိုသာ ပြန်ကြားယောင်၊ မစ္စဘိုးတော် အိုက်တင်တွေကိုသာ ပြန်မြင်ယောင် တွေးဖြစ်နေရသည်။

မစ္စဘိုးတော်၏ အခန်းသည် ကရမက်ရနံ့၊ နံ့သာဖြူနံ့၊ သပြေနှင့် စပယ်ပန်းရနံ့၊ လော်ပံနံ့၊ ရေမွှေးနံ့၊ ဖယောင်းတိုင်နှင့် အမွှေးတိုင်ရနံ့တို့ ဖြင့် မူးဝေအီလျက်ရှိသည်။ မစ္စဘိုးတော်ကတော့ အာရုံကို အဝေးပို့ထား သည်ဟုဆိုသည်။ အင်း... အားကျစရာပဲဟု ပွားက တွေးလိုက်သည်။ သူတို့လည်း လုံးထွေးမွှန်းကြပ်နေသော ရနံ့ပေါင်းစုံနှင့်လွတ်အောင် အာရုံကို





အဝေးသို့ပို့ထားရသည်။

မစ္စဘိုးတော်သည် မျက်စိကိုမှိတ်ထားရင်း အကြောဆွဲသလို ဆတ် ခနဲဆတ်ခနဲ တွန့်၍တွန့်၍သွား၏။ ဒီလို တွန့်တွန့်သွားတိုင်း အနားမှာ ထိုင်နေသော မိန်းကလေးက စိမ်းပြာရောင် ရေစက်ကလေးဖြင့် တို့တို့၍ ပေး၏။

"အဲဒါက အခု မယ်တော် အာရုံကျတဲ့နေရာမှာ ပျော်လို့ အချက်ပြ နေတာ"

"ဘာလို့ ရေနဲ့တောက်နေတာလဲဟင်"

"ဒါ ရေမဟုတ်ဘူး၊ မယ်တော့်လိပ်ပြာ အပျော်လွန်ပြီး ပါသွားမှာ စိုးလို့ ချုပ်ထားတဲ့ လိပ်ပြာချုပ် ရေကြည်တော်ခေါ်တယ်။ အဲဒါ တို့ပေး တော့ လူ့ဘဝကို ခင်တွယ်စိတ်မပြောင်းဘူးပေါ့"

မစ္စက ထိုပုံစံအတိုင်း ဆယ့်ငါးမိနစ်လောက် ထိုင်တွန့်နေပြီးတော့မှ ရှေ့က ကြမ်းပြင်ကို လက်ဖြင့် ဖြန်းခနဲရိုက်ပြီး 'ဟိတ်'ဟု အာခေါင်ခြစ် သံနှင့်အော်ပြီးနောက် ဝှမ်းပစ်လိုက်တာ ငါးပေ ကိုးလက်မလောက်ကို တင်ပလ္လင်ထိုင်နေလျက်က မြင့်တက်သွားပြီး အရှိန်မပျက်ဘဲ 'ဘုတ်'ခနဲ ပြန်ကျလာသည်။ ပြီးတော့မှ တစ်ချက် အားရပါးရကြီး ပြုံးရှုလိုက်ပြီးမှ အပြုံးသည် တစ်စတစ်စ လျော့လျော့သွားပြီး နဂိုမူလမျက်နှာထားသို့ ပြန်ရောက်ပြီး မျက်ဝန်းကို ဖြည်းညင်းစွာ ဖွင့်သည်။

"မန်ယူက ပြတ်ပြတ်သားသား နိုင်လိမ့်မယ်ပေါ့၊ အာဆင်နယ်က လိပ်ပြာမခွဲဘူး၊ သရေကျအောင် မနည်းကစားရလိမ့်မယ်၊ ရှုံးဖို့ကများတယ်"

"ဆရာမလေး... ကွင်းက အာဆင်နယ်ကွင်းနော်၊ ပြီးတော့ အာဆင်နယ်က အခုလက်ရှိ ပထမဆုံးမှာ အမှတ်အများဆုံးဖြစ်နေတာ၊

www.burmeseclassic.com



ပြီးတော့ အာဆင်နယ် ကစားသမားတွေကလည်း တကယ့်"

"ဟော့... အဲဒါတွေမသိဘူး၊ မင်းတို့ဘာသာသိနေရင် ဘာဖြစ်လို့ လာမေးနေသေးလဲ၊ ဒီလိုစိတ်မျိုး အစကတည်းကသိရင် ငါ့လိပ်ပြာတောင် မလွင့်ဘူး။ ငါပြောသားပဲ အာဆင်နယ်ပွဲ မသဲကွဲဘူးလို့၊ သွားပြန်တော့ အေးပြန်တော့သာဆိုတယ် မင်းတို့ အိမ်ပြန်ရမှာမဟုတ်ဘူး။ ဒီည ဘောင်ချာ အဖြတ်ခံရမှာသတိထား၊ ဟော့ မှတ်ကြီး ခေါ်ထုတ်သွားစမ်းဟော့'

'ဒါ မယုံလို့ပြောတာ မဟုတ်ပါဘူး။ ဘိုးတော်မကလည်း ညာဟော တာမဟုတ်ဘူး၊ ညာဟောရင် အာဆင်နယ်နိုင်တယ် ပြောမှာပေါ့၊ အခု ပြောတာက အဲဒီလိုမှ"

"ဟော့ မှတ်ကြီး။ ဒီကောင်တွေကို ဘောင်ချာဖြတ်လိုက်လို့ပြော နေတာ မကြားဘူးလား"

"ကျွန်တော်တို့ သွားပါမယ် မစ္စဘိုးတော်ရဲ့ ကျွန်တော်"

"ဟော့... ဘာမစ္စဘိုးတော်လဲ၊ အမေခေါ်စမ်းဟော့ အမေ"

"အာ... ဟုတ်ကဲ့ပါအမေ၊ ပြောတဲ့အတိုင်းမှန်ရင် အမေ့ကို"

အပြင်ရောက်တော့ ဘိုးတော်မစ္စ အကြောင်း တစ်ယောက်တစ် ခွန်းစီ ဝေဖန်ကြသည်။ ဒီဆရာမ လိပ်ပြာ အင်္ဂလန်အထိရောက်တယ် ဆိုတာကို မယုံနိုင်ပါ။ သက်သေလည်းပြလို့မရပါ။ သူ့တစ်ကိုယ်လုံးကို အငမ်းမရ သိမ်းကြုံးကြည့်သော ရှောင်ကိုတွေ့တော့ မိန်းမကိစ္စ ဖြတ်ထား တာ မကြာသေးဘူးမဟုတ်လားဆိုပြီး ကံစမ်းမဲကျွေးလိုက်တာ ဒက်ထိမှန် သွားပြီး သူ့ကိုတော့ အကြောရောဂါသတိထား၊ မိုက်ခနဲ မိုက်ခနဲ မူးတတ်တာ သတိထားဟု ဆက်ပြောသွားသည်။

ဒီလိုနဲ့ ဘောလုံးပွဲကစတော့ သူတို့ မန်ယူနှင့်ပွဲကို သတင်းသာနား





ထောင်ပြီး အာဆင်နယ်နှင့်ပွဲကို ကြည့်ကြသည်။ မစ္စဘိုးတော်ကို အံ့သြရ မလိုဖြစ်နေသည်။ အာဆင်နယ်သည် မယုံနိုင်စရာကောင်းလောက်အောင်ကို ညံ့ဖျင်း၍နေသောကြောင့်ဖြစ်သည်။ သူ့မှာရှိသည့် ဘောလုံးသမားတွေ တစ်ယောက်မှ အစွမ်းမပြနိုင်သောကြောင့်ဖြစ်၏။ တစ်ဦးမှ ခြေမပေါ်၊ အလယ်တန်းမှာ ဂီလ်ဘတ်ကိုဆေးလ်ဗား ကြောက်မက်ဖွယ်ရာ ဘဝပျက် လျက်ရှိပြီး လုက်ဘ်မှာ တောင်ပံမှာ ကစားလိုက်၊ အလယ်တန်းဝင်လိုက် ဖြစ်၍ အချိတ်အဆက်တွေ လွဲနေသည်။ အဒီဘေယာလည်း ဖန်တီးသူလိုလို၊ တိုက်စစ်လိုလိုနှင့် ကစားတာအားမပါ၊ ဝဲလ်ကော့နှင့် ဖာဘရီဂက်စ်တို့က လည်း ဘာတွေဖြစ်နေကြတာလဲကွဟုပင် ဒေါသနှင့် သွားမေးရမလိုဖြစ် နေသည်။ ဗီလာအသင်းမှ အဘွန်လဟောကိုလည်း အာဆင်နယ်နောက် တန်းက မထိန်းနိုင်ချေ။

ဒီလိုနှင့်ပင် ဗီလာအတွက် ဦးဆောင်ဂိုးကို ဆန်းဒရို့စ်က ကိုယ့်ဂိုး ကိုယ်သွင်းယူသွားခဲ့သည်။ (၁) ဂိုးအသွင်းခံလိုက်ရလို့ အိပ်ချင်မူးတူး ဖြစ်နေတဲ့လူကို ရှာလပတ်ရည်တိုက်လိုက်သလိုမျိုး ဖြစ်မလားအောက်မေ့ တယ်။ အာဆင်နယ်တွေဟာ ပုန်းရည်ကြီးနဲ့ နယ်ထားတဲ့ ထမင်းလို ကပ်တပ်ကပ်တပ်ပါပဲ။ ဒီတော့ နီရှောင်ပွားတို့ သုံးဦး ပထမပိုင်းအပြီးမှာ ဆွေးနွေးနေကြရပြီ။

"အာဆင်နယ် ကစားပုံက ဘာမင်ဂမ်နဲ့တုန်းက ကစားသလိုပဲ၊ အိမ်ကွင်းမှာတောင် လုံးဝ အားရစရာမရှိဘူး။ အချိတ်အဆက်လည်းမရှိ၊ အားကြိုးမာန်တက်လည်း မရှိနဲ့"

"ဟုတ်တယ်၊ ကြည့်ရတာ အာစင်ဝင်းဂါးက ရှုံးအောင်ကန်လို့ မှာထားလို့ အတင်းကြိုးစားပြီး ရှုံးအောင်ကန်နေရသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ပြောမနေနဲ့၊ အမေ့ရဲ့လိပ်ပြာက အင်္ဂလန်ကို တကယ်ရောက်သွားတာလား၊ အဲဒါဆိုရင် ချမ်းသာပြီ။ အမေက လုံးဝအောဆင်နယ်ရှုံးမယ်လို့ ကျိန်းသေပြောထားတာ၊ ကဲ အခု မယုံနိုင်စရာကို ရှုံးနေပြီမဟုတ်လား"

"အေးကွာ၊ ဒါပေမယ့် ကျန်တာတွေတော့ မမှန်ပါဘူး"

မိန်းမကိစ္စ ဖြတ်ထားတာ မကြာသေးဘူးဆိုသော စကားအတွက် ရှောင်ပီတာက ဆရာမလေး မှန်တာကို ဝန်ခံချင်ပုံမရ။

❐



# ဂိုစ်ထိန်နဲ့ ဗန်းစကား (၃)

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်ကွ၊ ငါ အကြောအားနည်းနေတာလည်း ကွက်တိပဲ၊ ဒါပေမယ့် သူ့ကို အမေလို့ ခေါ်ခိုင်းတာက ခက်နေတယ်၊ အမှန်ဆို တို့တူမအရွယ်လောက်ရှိတဲ့ဟာကို"

"ဒါကတော့ သူ့ကိုယ်သူ ကာကွယ်တာနေမှာပေါ့၊ နောက်ကျရင် ညှိယူကြတာပေါ့။ အခုလောလောဆယ် အကြမ်းဖျင်း အစီအစဉ်ပြောပြထား။ ရေ့ပွဲတွေကို သူ့လိပ်ပြာလိုက်လွှင့်ပြီး ကြည့်ထားမယ်။ ဒီနှစ်မှာ အာဆင်နယ်၊ မန်ယူတစ်ပွဲပဲ အင်္ဂလန်တက်လောင်းမယ်။ ရှေ့နှစ်ကျရင်တော့ အင်္ဂလန်က သူဌေးတွေ ခွေးဖြစ်ပြီပေါ့ကွာ ဟဲ... ဟဲ"

"အဲဒီကျရင် အမေ့ရဲ့ဈေးက သိပ်ကောင်းသွားလိမ့်မယ်။ အဲဒီတော့ အမေ့ကို ထိန်းသိမ်းဖို့က"

"ဒါကတော့ ငါပဲ ထိန်း"





"အောင်မယ် ရမလားကွ၊ ဒီကိစ္စကို တို့သုံးယောက် ဆုံးဖြတ်ကြတာပေါ့"

"ဒီလိုလုပ်ပါလေ၊ ဆရာမလေးက သူ့လိပ်ပြာ ဘယ်သူနဲ့ ပိုလုတယ်ဆိုတာ သူ သိပါလိမ့်မယ်"

ဒီလိုနဲ့ နီရှောင်ပွားတို့ (၃) ဦး အာဆင်နယ်ပွဲကို ဆက်ကြည့်ကြသည်။ (၃) ယောက်စလုံး စိတ်ထဲမှာ အာဆင်နယ်ရှုံးဖို့ ဆုတောင်းနေကြ၏။ ဒါမှ မစ္စဘိုးတော် မှန်မှာမဟုတ်လား။ အာစင်ဝင်းဂါး လူလဲသော်လည်းမရ။ ဗီလာဘက်ကသာ အာဆင်နယ်ကို ကောင်တာဖြင့် (၃၊၄) ကြိမ်လောက် ခြိမ်းခြောက်နိုင်သေးသည်။ မိနစ် (၉၀) စလုံး အာဆင်နယ်ရှုံးသွားသည့်အခါ နီရှောင်ပွားတို့ (၃) ဦး ဝမ်းသာအားရ ဖြစ်ကြသည်။

အချိန်ပို (၂) မိနစ်ကျော်တော့ ပွားက ထိုင်ရာမှ ထရပ်သည်။ နီနှင့် ရှောင်လည်း ထရပ်ပြီး ကားမောင်းထွက်လာခဲ့သည်။

သူတို့လိုပဲ ပွဲထဲမှာလည်း ဗီလာအသင်းက လာလက်ဆွဲနှုတ်ဆက်မှာတို့၊ အိမ်ကွင်းပရိသတ်က လှောင်ပြောင်တာကို ရှောင်ဖို့ အာစင်ဝင်းဂါးက ထလစ်တာ အပေါက်အပြင်ဘက် ရောက်ခါနီးမှ အဒီဘေယာ ခေါင်းနှင့်ထိပြီး ထွက်လာသော ဘောလုံးကို ဘန်တနာက နောက်ဆုံးကန်တာဆိုပြီး ဖွတ် ကန်ချလိုက်တာ အဒီဘေယာနဲ့ လုံးနေတဲ့ ဂိုးသမားလည်း မဖမ်းနိုင်၊ ဂိုးဧရိယာထဲမှာ ဂင်ဖျက်တဲ့ နောက်ခံလူလည်း မဖျက်နိုင်ဘဲ အက်စတွန်ဗီလာတို့အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုဟာ နာနီစက္ကန့်လေးလောက်နဲ့ ဆုံးရှုံးသွားလေသည်။

အမှန်တော့ လေလွှင့်အချိန်ပိုပင် ပြည့်နေဖြစ်ပြီး ဘောလုံးက ဗီလာဘက်မှာ ရှိနေ၍သာ ဒိုင်က ဘောလုံးအပျက် ပွဲအပြီးနှုတ်ရန် စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်သည်။ တစ်ယောက်ယောက်က ဘောလုံးကို အာဆင်နယ်ဘက်သို့ ထုတ်ပစ်လိုက်လျှင် ဗီလာတို့ပွဲ အနိုင်ဖြင့် အာဆင်နယ်အိမ်ကွင်းစံချိန်ကိုလည်း အနိုင်ယူကာ ဖျက်ပစ်လိုက်နိုင်မည်ဖြစ်သည်။

သို့သော် ထိုအကြောင်းကို နီရှောင်ပွားတို့ (၃) ဦးကတော့ မသိကြတော့။ သူတို့စိတ်ထဲမှာ ဗီလာနိုင်ပြီဟူသော အတွေးကိုသာ တွေးရင်း မစ္စဘိုးတော်၊ အမေ၊ ဆရာမလေး အင်္ဂလန်ကလပ်နှင့် လာလီဂါကဝယ်မည်၊ စီးရီးအေကဝယ်မည်။ အာဆင်နယ်၊ မန်ယူပွဲကို အင်္ဂလန်မှာသွားပြီး အပိုင်လောင်းမည်။ သူတို့ပြောနေပုံက… စတော့ရှယ်ယာဈေးကွက်ကို ကိုင်နိုင်သည်အထိ ရောက်လာသည်။

တကယ်ရောက်တာက မစ္စဘိုးတော်အိမ် ဖြစ်သည်။

သူတို့ ပထမအခေါက် လာစဉ်ကထက် လူပိုများနေတာကို တွေ့ရသဖြင့် ကားပါကင်ထိုးရင်း အံ့ဩရသေးသည်။ မစ္စဘိုးတော်ရဲ့ ဟောကိန်းမှန်သောကြောင့် သူတို့လို လာရောက်ကြည်ညိုကြသူတွေ ဖြစ်ဖို့များသည်။

"ဘာကိစ္စနဲ့လဲခင်ဗျ"

"နှစ်လုံးမဟုတ်ဘူး၊ တစ်လုံးကိစ္စပါ၊ ခုနကလာပြီးပါပြီ၊ နီရှောင်ပွားတို့လာတယ်လို့ အမေ့ကို ပြောပေးပါ"

"အမြဲလာနေကျလား၊ အခုရော ချိန်းထားတာလား"

"ဒီနေ့မှလာဖူးတာပါ၊ အခုလည်း ချိန်းမထားပေမယ့် ပြန်လာမယ်ဆိုတာ အမေက သိမှာပါ"

"ဪ… အဲဒါဆိုရင် ဒီဘက်ကြွပါ"

သူတို့ကို မေးသူက ဦးဆောင်ခေါ်သွားပြီး သူတို့ကို အခန်းထဲပို့ပေး၏။ အခန်းထဲမှာ ယူနီဖောင်း အပြည့်အစုံနှင့် စခန်းမှူးကြီးကို





တွေ့ရတော့ နီရှောင်ပွားတို့လည်း ဘိုးတော်လိမ်အမှုမှာ ရောအဖမ်းခံလိုက်ရလေသည်။

စခန်းရောက်မှ ဘောလုံးပွဲတွင် အာဆင်နယ် LLG (Lucky Last Second Goal) ဖြင့် နိုင်သွားကြောင်း၊ မစ္စဘိုးတော်၊ အမေ၊ ဆရာမလေးက အထူးရှယ်ဝိုင်းဆိုပြီး ဈေးကြီးမြှင့်တင်ယူ၍ လိပ်ပြာလွင့်ဟောသည်ဆိုပြီး တစ်ဖွဲ့တစ်လှည့် အနိုင်အရှုံးကိုပြောရာ နီရှောင်ပွားတို့အလှည့်တွင် အာဆင်နယ် အရှုံးကျ၍ အရှုံးပြောခြင်းဖြစ်သည်။

နီရှောင်ပွားတို့ (၃) ဦးကိုမူ ဖမ်းဆီးခြင်းမရှိသော်လည်း သက်သေအဖြစ် အစစ်ခံကြရသောကြောင့် တစ်ညလုံး စခန်းမှာနေလိုက်ရလေသည်။ မနက်မိုးလင်းတော့ စခန်းမှူးကြီးက နီရှောင်ပွားတို့ကို ရင်းနှီးပျူငှာစွာ နှုတ်ဆက်လေသည်။

"အသွားမတော် တစ်လှမ်းပေါ့ခင်ဗျာ"

"အဲ့ဒီစကားပုံရဲ့ အသက်ဝင်ပုံက ဟောဒီည ကြယ်လေးတွေက သိပါတယ်"

"ခင်ဗျာ"

"ဒီကောင် နီကိုလိုင်က ငယ်ငယ်တုန်းက မော်ဒန်ကဗျာတွေ ရေးခဲ့ဖူးလို့ပါ စခန်းမှူးကြီး"

"အေးဗျာ၊ ဒီဘိုးတော်မက လိမ်တယ်ဆိုပေမယ့် တစ်ခုတော့ ပြောတာမှန်တယ်ဗျ၊ ဒီည ကျွန်တော်တို့ ပြန်ရမှာမဟုတ်ဘူး။ ဘောင်ချာအဖြတ်ခံရမှာတဲ့"

"ဗျာ၊ ဘောင်ချာအဖြတ်ခံရမှာ"

"ဪ… စခန်းမှူးကြီး ပွားအာမက်ကလည်း ဆေးချို၊ သွေးတိုး၊



www.burmeseclassic.com

www.burmeseclassic.com



နလုံး၊ လေငန်းရှိတော့ အိပ်ရေးပျက်ရင် ကယောင်ကတမ်းနဲ့မို့ ခွင့်လွှတ်ပေးပါ။ ဘယ်လိုမှ သဘောမထားပါနဲ့။ သွားခွင့်ပြုပါဦးနော် စခန်းမှူးကြီး”

စခန်းထဲက ထွက်သွားသော နီရောင်ပွားတို့ (၃) ယောက်ကို စခန်းမှူးကြီးက ငေးကြည့်ရင်း နယ်ထိပ်အင်ချပ်ကြီးကို ခေါ်လိုက်သည်။

“ဆရာကြီး အဲဒီ (၃) ယောက်ကို စောင့်ကြည့်ဗျာ၊ နောက်တစ်ခါ ပြဿနာနဲ့တွေ့ရင် ဒီခေါ်မလာနဲ့၊ စိတ်ကျန်းမာရေးကိုသာ ပို့လိုက်ပါတော့”

“ဟုတ်ကဲ့ပါ စခန်းမှူးကြီး”

❒



# ဘောင်ချာဖြတ်တဲ့ Ghost (၁)

www.burmeseclassic.com

www.burmeseclassic.com



# ဘောက်ချာဖြတ်တဲ့ GHOST



www.burmeseclassic.com

www.burmeseclassic.com



“ငါတို့ဟာ တခြားလူတွေကို ယုံခဲ့ကြတယ်။ ငါတို့ရဲ့ စိတ်ကူးတွေ တွက်ချက်မှုတွေ... မှတ်ချက်တွေရဲ့ အပြင်မှာ ငါတို့ရဲ့ အင်ပါယာတွေကို ရှာခဲ့ကြတယ်။ အဲဒီအတွက်... ငါတို့ ဘာလုပ်ချင်တာလဲ... ဆိုတဲ့ လမ်းကြောင်းကနေ တော်တော်ဝေးဝေးကို ရောက်သွားကြတယ်”

“ကိုရီးယားကား မရိုက်နဲ့ကွာ... မင်း ဘာကို ဘောင်ချာဖြတ်ချင်တာလဲ”

“အခု ငါတို့တွေ့တဲ့လူတွေကလည်း တရုတ်သိုင်းကားထဲကလို သူ့ထက်သူ လူစွမ်းကောင်းတွေချည်းပဲ... မင်း ဘာပြောချင်တာလဲ နီ”

လက်ကလေးနောက်ပစ်၍ Al Pacino ပုံဖမ်း လမ်းလျှောက်နေသော နီ့ကို ပွားနှင့် ရောင်တို့က ဘောင်ချာဖြတ်လိုက်ကြ၏။ နီက မျက်နှာကို တစ်ချက်အမဲကြီးလုပ်ရင်း... ဘာကိုမှ သဘောမပေါက်သေးဘဲ ခေါင်းကို





တဆတ်ဆတ်ညိတ်သည်။ ခက်တာက နီသည် ခေါင်းတဆတ်ဆတ်ညိတ်ခြင်းကို ဆရာကြီးအထာဟု ယူဆနေခြင်းပင်ဖြစ်၏။

“အခု... ငါတို့ ဘယ်သူ့ကိုမှ အားမကိုးတော့ဘူး၊ ငါတို့ကိုယ် ငါတို့ပဲ အားကိုးကြတော့မယ်။ ဒါ ရှာဖွေတွေ့ရှိမှုအသစ်ပဲ”

“ဘုရားဟောထားတာ နှစ်ပေါင်း ၂၅၀၀ ကျော်နေပြီ နီ”

“တိတ်စမ်းပါ၊ ကိုယ့်ကိုယ်ကနေထွက်ပြီး အပြင်မှာရှာခဲ့တဲ့ ငါတို့ စိတ်ခံစားမှုအရ ဒါကို ငါတို့ရဲ့ တွေ့ရှိမှုအသစ်လို့ပဲ ခေါ်မယ်။ အဲဒီတော့ ဒီနေ့ကစပြီး ဘောလုံးပွဲတွေကို တို့ (၃) ယောက်ပဲ ဝေဖန်တော့မယ်”

“ငါ့မြင်း ငါစိုင်းပေါ့...”

“မဟုတ်ဘူး၊ ဒီတစ်ခေါက် မင်းတို့ မြင်းနှစ်ကောင်ကို ငါက စိုင်းမယ်...။ FA ဖလား မန်ယူနဲ့ ပို့စ်မောက်ပွဲကို ငါထင်ရာ ငါပြောမယ်ကွာ”

“ဝေဖန်မယ်ဆိုတဲ့ စကားနဲ့ ယဉ်ကျေးစမ်းပါကွာ”

“ကောင်းပြီ။ မန်ယူနဲ့ ပို့စ်မောက် ထိပ်တိုက်ဆုံခဲ့ကြတဲ့ပွဲတွေမှာ ပို့စ်မောက်က မန်ယူကို တစ်ခါမှ မနိုင်ခဲ့ဖူးဘူး”

နီက လက်နောက်ပစ် လမ်းလျှောက်ရုံတင်မဟုတ်... လက်ညှိုးပါ တထောင်ထောင်ဖြစ်၍လာသည်။ ပွားက သူ့ဗိုက်ကိုပွတ်ရင်း ရောင့်အနားသို့ ကပ်၍ ခပ်တိုးတိုးပြောသည်။

“ငါတို့က သူ့ကိုတင်မယ်လဲ မပြောရသေးဘဲနဲ့ ဘယ်လိုဖြစ်တာလဲ”

“အရပ်ပုပြီး အကောင်သေးတဲ့လူတွေရဲ့ အခွင့်အရေးက ဒါပဲလေ”

“ဒါပေမဲ့ မန်ယူဟာ အခု အိမ်ကွင်းစွမ်းဆောင်ရည်ကျနေတယ်။ အဲဒါတန်နဲ့ မန်စီးတီးကို ရှုံးထားတယ်။ ဒီတော့ မန်ယူဟာ ပို့စ်မောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြက်ကင်စားသလို ကြိုက်တာရွေးစားနိုင်မှာတော့ မဟုတ်ဘူး"

"တွေ့လားပွား... ဒီကောင် ဟိုတလောက ဆရာဖေမြင့် စာအုပ်ကလေး တကိုင်ကိုင်နဲ့ တွေ့တယ်မှတ်တာ အခု ထုတ်သုံးနေပြီတွေ့လား"

ရှောင်က လေသံအနိမ့်ပိုင်းလှိုင်းဖြင့် သတင်းပို့သည်ကို ပွားက သွားချေးစုပ် သင်္ကေတဖြင့် လက်ခံလိုက်၏။ နီက နှစ်ယောက်စလုံး သူ့ကို ကြည့်နေသည် အထင်ဖြင့်...

"မန်ယူက ဖကြီးကလည်း ဖလား (၃) လုံးကို ယူမယ်ဆိုတော့"

"နီ... အဲဒီနာမည်က ငါတို့ ယဉ်ကျေးမှုနဲ့ မကိုက်ဖူးကွာ"

"ဖကြီးကိုပြောတာလား။ အာစင်ဝင်းဂါးကျတော့ အကြီးခေါ်ပြီတော့"

"ဟော့ကောင်၊ အကြီးဆိုတာ အာဆင်နယ်ကိုခေါ်တာကွ၊ အာစင်ဝင်းဂါးကို ခေါ်တာ မဟုတ်ဘူး"

"ဟုတ်တယ်ကွာ၊ အာစင်ဗင်းဂါးကို အကြီးလို့ ငါခေါ်တယ် ဘာဖြစ်လဲ"

"အေး... ဟိုကောင် အာချင်အာ ဒီကောင်မဖာနဲ့"

အာနှင့် ဖာ... တိုက်ပွဲက ပြင်းထန်လာ၏။ ရှောင်နှင့်နီသည် ဤသို့ မခံချင်စိတ်ကလေးများ ရှိနေကြခြင်းကြောင့် ပွားသည် ကြားက အလကားနေရင်း ဆရာကြီးဖြစ်နေခြင်းဖြစ်သည်။

"ကဲပါကွာ၊ အဒီဘောရော၊ အဒီဘာယေ၊ အဒီဘရောက်၊ အဒီဘောယာ၊ တေဗာ၊ တီဗက်၊ တေဗက်... ကြိုက်တာနက် တစ်ယောက်တည်းလို့ သိရင်ပြီးတာပဲ ဒီတော့ အရေးကြီးတာ သိဖို့ပဲမဟုတ်လား။ ခေါ်ချင်ရာ





ခေါ်ရတယ်... အဲဒီတော့ နီ ဆက်ပြော"

"အဟမ်း... ကိုယ့်နေရာ ကိုယ်နေစမ်းပါ ရှောင်ရာ... အဟမ်း၊ အဲဒီတော့ မန်ယူဟာ ယောက္ခမအိမ်က အလှူကိုသွားသလိုမျိုး ဟိုဟာလုပ်မလို ဒီဟာလုပ်မလိုနဲ့ မျက်နှာလုပ်ပြီး ပြန်လာလိမ့်မယ်ဆိုတာ သေချာနေပြီ"

"ကန့်ကွက်တယ်၊ မင်း ပြောတာကို တော်ရုံလူ သဘောမပေါက်ဘူး အဲဒါ ပြင်ပြောပေး"

"စာပေဗဟုသုတတော့ ရှိသင့်တယ် ရှောင်၊ သမက်ဆိုတာ ယောက္ခမကို နိုင်မြဲမဟုတ်လား။ ဒါပေမယ့် ဘယ်သမက်မှ အပြတ်အသတ် အနိုင်မယူကြဘူး။ ပွတ်ကာသီကာပေါ့။ မန်ယူ ကပ်နိုင်လိမ့်မယ်"

ထို့ကြောင့် ရှောင်နှင့်ပွားတို့ နီ၏ သားမက်ယောက္ခမနိုင် နိမိတ်အတိုင်း FA ဖလားမှ မန်ယူနှင့် ပို့စ်မောက်ပွဲကို ကြည့်ရာ တဖုန်းဖုန်း ဂိုးများအားလုံး ပထမပိုင်းတွင် လွဲချော်ခဲ့ရပြီး ဒုတိယပိုင်းတွင် ဂိုးသမားလဲ၊ နောက်ဝင်သည့်ဂိုးအဖြစ် ဆိုး အနီကပ်ထိပြီး ကုဇက်ထွက်၍ ဖာဒီနန် ပင်နယ်တီကို ဝင်ဖမ်းရာ ဂိုးဝင်သွားခဲ့သည်။

ထိုတစ်ဂိုးနှင့်ပင် မန်ယူတို့ရှုံးပြီး ပရိသတ်မျက်ရည် တာကျိုးရသည်။ နီ၏ သမက်ကား ယောက္ခမအနက်ကို ခံလိုက်ရလေသည်။

"ကယောင်ကတမ်း တွက်ချက်မှုနဲ့ ထင်ယောင်ထင်မှား တွေးခေါ်မှုတွေကနေလာတဲ့ ရလဒ်ပေါ့နီရာ။ အခုတော့ မင်းမြင်းကို ငါကိုင်ပြီပေါ့ကွာ..."

ရှောင်က မိမိ အနိုင်ရသော်လည်း ရိုသံထွေသံ မပါရအောင် စကားကို သတိထားပြောသွားသည်။ အခု သူကိုင်မည့်အသင်းက ဝီဂန်နဲ့

www.burmeseclassic.com



အာဆင်နယ်။ အာဆင်နယ်က ဆန်စီရိုမှာ အာဆင်နယ်က မှတ်တမ်းဟောင်းကို ရိုက်ချိုး မှတ်တမ်းအသစ်ကို ကမ္ဘည်းထိုးခဲ့တာ မဟုတ်လား။ ပြီးတော့ လက်ရှိ ချန်ပီယံ မန်ယူကိုဖြတ်ပြီး ထိပ်ဆုံးမှာ တက်ကပ်နေတဲ့ အသင်း… ဟင်းဟင်းဟင်း… ဟုသာ ရယ်လိုက်ချင်တော့သည်ပေါ့။

❐



## ဘောင်ချာဖြတ်တဲ့ Ghost (၂)

www.burmeseclassic.com

www.burmeseclassic.com



"အာဆင်နယ်က ဝီဂန်ကို ကျည်ဆံအသစ်နဲ့ပစ်မှာ… (၃) မှတ်နဲ့ ဂိုးများများရအောင်ကန်ပြီး တန်ခူးလမှာ မန်ယူ ချေးတွေရွှဲနေတဲ့အချိန် အာဆင်နယ်ကို မန္တလေးသင်္ကြန်လာကျဖို့တောင် လှမ်းဖိတ်ချင်တာ… အောက်ဆုံးအသင်းနဲ့ ထိပ်ဆုံးအသင်းကွာ၊ အနည်းဆုံး (၅)လုံးပြတ်ပဲ"

"နာနေတဲ့လူတွေ ရှိတယ်နော်… ဂိုးသိပ်ပြတ်မယ်မထင်ဘူး"

"အေး… နာထားတဲ့သူရှိလို့ (၅) ဂိုးပဲ ပြောတာပေါ့ကွ။ အမြဲတမ်း နဖူးကြောတင်းတင်း ထားရတဲ့ အာစင်ဝင်းဂါးလေးအတွက် နဖူးကြော လျှော့ဖို့၊ မြန်မာ့ရိုးရာ အကြောပညာရှင်တွေ… ခေါ်ထားကြဟေ့"

ဒီလိုနဲ့ ပွဲနေ့ကိုရောက်တော့ ပထမ ကြောင်ကကြွက်ကို ဆော့နေတာလို့ ရောင်ကပြောသည်။ ပထမပိုင်း သရေကျထားတော့ ရောင်က "ဝင်းဂါးက… အားနာတတ်တယ်ကွ၊ ဒုတိယပိုင်းကျမှ ဂိုးတွေတအား





သွင်းတော့… ဟိုဘက်က နည်းပြကို အကြာကြီး ရင်မဆိုင်ရတော့ဘူး ပေါ့ကွာ…"ဟု ဆိုပြန်သည်။

ဒီလိုနဲ့ ဒုတိယပိုင်းအလယ်ကို ရောက်တော့ "အင်း နိုင်ရုံပဲကန်တော့မယ်ထင်ပါရဲ့၊ အဆုံးမဲ့ အားနာတယ်ပေါ့လေ"ဟု အာစင်ဝင်းဂါး၏ နဖူးကြောကြီးတွေကိုကြည့်ရင်း နောက်နေနိုင်သေးသည်။

ဒုတိယပိုင်းပြီးဖို့ (၅) မိနစ်လောက်လဲလိုရော… "အဲဒီလောက် သဘောကောင်းနေရင်… နင့်နမကို ပေးလိုက်ပါလား ဝင်းဂါးရဲ့" ဖြစ်လာသည်။ အချိန်ပိုပေးသည်အထိ နာလန်မထူတော့ အာစင်ဝင်းဂါး နဖူးပေါ်က အကြောတွေကို ဘရိတ်ဒါးနှင့် လှီးပစ်ချင်စိတ်ပေါက်သွားလေသည်။

ပွားကတော့… သူ့ဗိုက်ကလေးကို တကားကားနဲ့ ပွတ်သပ်ပြီး "သူ့ကိုယ်သူ စကားများများမပြောဖို့ သတိထားနေရတယ်"ဟူသောစကားကို ငါးမိနစ်တစ်ခါ ပြော၍နေလေသည်။

"ဒါ… မန်ယူတွေအတွက် အခွင့်အရေးပါပဲ၊ အာဆင်နယ်ဟာ သူ့လည်မြိုကို မန်ယူတွေရဲ့ ခြေထောက်ထဲ ပွဲတော်တည်ဖို့ ပေးလိုက်ရပြီ။ ဒီပွဲကို ဖာကြီးက အပြတ်ဆော်လိမ့်မယ်။ သူဝါးပြီးလို့ ဘာအရသာမှမရှိတော့တဲ့ ပီကေကြီးနဲ့ ဝင်းဂါးရဲ့ နဖူးမှာ အောင်လံတံဆိပ် ခတ်နှိပ်လိမ့်မယ်"

ပြောစရာစကား ရှားပါးနေပြီဖြစ်သော နီနဲ့ရောင်သည် အတိတ်မေ့ မြန်မာဗီဒီယိုဇာတ်ကားတွေထဲက မင်းသားတွေလိုလို… မင်းသမီးနဲ့ စေ့စပ်ထားသော်လည်း လူကြမ်းလုပ်ရမှာမို့ ဘယ်လိုမှ ကြည်နူးခွင့်မရသည့် မျက်နှာမျိုးနှင့် မင်းသမီးအနားမှာ နေရသော ဒုတိယမင်းသားလိုလို လုပ်နေကြသည်။ ပွားကတော့ ရယ်၍သာနေ၏။

ပွဲစတော့ ပွားက တဟားဟား တဟင်းဟင်းနှင့် ဖြစ်လာသည်။ ဖော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်းမဝင်၊ ဂစ်ကလည်းချော်၊ ပက်ဂျီဆန်ကလွဲနှင့် မန်ယူသည် ဂုမ္မာန် တစ်ထောင်စောင့်ကြပ်သော ဒါဘီဂိုးပေါက်ကို အကြိမ်ကြိမ် လွဲချော်လာသော အခါ ရော်နယ်ဒိုကလေး မျက်နှာပျက် ဒေါသထွက်သလို ပွားအာမက်၏ ကွမ်းသွေးစွန်းထင်နေသော သွားကြီးများလည်း တဖြိုဖြိုဖြစ်၍လာသည်။

ရှေ့တွင် ကြုံခဲ့ရသည့် အသင်းကြီးများ၏ ကျဆုံးမှုကို သဘောပေါက် ထားကြရသဖြင့် ပထမပိုင်းပြီးထိ သရေကိုကျေနပ်စွာ လက်ခံထားလိုက်ကြရ၏။

"Try again Ferguson"ဟု ပွားက အော်ဟစ်နေသည်။

"ဒီပွဲနိုင်ယားရင် အာဆင်နယ်ကို ဂိုးကွာခြားချက်နဲ့ စိတ်ဓာတ် အသာစီးရမှုတွေ့ရမယ်၊ ဖာဂူဆန် ဘယ်သူတွေကို ထုတ်သုံးဦးမလဲ"

"ကိုယ့်ဂိုးတွေမဝင်လို့ စိတ်ညစ်ရ၊ ဒေါသဖြစ်ရတဲ့ကြားထဲ ကိုယ့် ဂိုးသမားကိုပါ စိတ်မချရတော့ ဖိစီးမှုအားကြီးတယ်၊ ဖာဒီနန်က ဘာဖြစ်လို့ မပါတာလဲ"

"ဒါဘီကတောင် ဝင်မလိုဖြစ်တာတော့ အံ့ဩဖို့ကောင်းတယ်၊ ဝင်များဝင်သွားလို့ကတော့ကွာ..."

ဒီလိုနဲ့... ဒုတိယပိုင်း ပြန်စလို့ မိနစ် (၅၀) ကျော်တော့မှပဲ တစ်ချော်တည်းချော်နေတဲ့ ရော်နယ်ချော... အဲ ရော်နယ်ဒိုရဲ့ ကိုးရိုးယို့ ကားရား ပိတ်ချက်ကနေ တစ်ဂိုးရသွားသည်။ ရော်နယ်ဒို... သူ့သွင်းဂိုး အတွက် အော်ကြီးဟစ်ကျယ် ပြန်ဒေါသထွက်ရသလို ပွားအာမက်လည်း ဒေါသထွက်ခဲ့ရပါ၏။

"တော်သေးတာပေါ့ကွာ... ခွီးပဲ၊ ဒီလောက်ချော်နေတာ ဒီအပိုင် ကြီးမှ မဝင်ရင်တော့ မင်း ရော်နယ်ဒို လုပ်မနေနဲ့ပော့"





နောက်ပိုင်း အတင်းဖိကစားသော်လည်း ဂိုးရပြီးသည့်နောက် ကစား ကွက်က အကောင်းဆုံးပြန်လည်တည်ဆောက်၍ မရတော့ဘဲ ပျက်နေသည့် အတွက် ထိုတစ်ဂိုးနှင့်ပင် "တော်သေးတာပေါ့" အနိုင်ကို မန်ယူတို့ ရရှိ သွားကြသည်။

ပွဲပြီးသွားတော့ နီရှောင်ပွားတို့ (၃) ယောက် ခြောက်အိပ်မက်ဟူသော စကားလုံးကို ခဏငှားသုံးရတော့မလို ဖြစ်သွားကြသည်။

"ဘောလုံးပွဲတွေမှာ ကံတရားကလည်း ဝင်ဝင်ကန်သေးတာကိုးကွ၊ ဒီတော့ ဘောလုံးပွဲတွေဟာ နောင် ကမ္ဘာတစ်သန်းအထိ စိတ်ဝင်စားမှု ဆိုတာ ရှိနေဦးမှာပဲ ရှောင်ရေ"

ပွားက သူ့ အနိုင်ကို ထိုသို့မသက်မသာ ငြီးတွားသည်။

"ငါတို့လည်း နီပြောတဲ့ သူတစ်ပါးအားကိုး အစီအစဉ်ကို ဖျက်ပြီး တစ်ခုခု စဉ်းစားကြရင် ကောင်းမယ်ကွာ"

"ဘောလုံးပွဲတွေ လိုက်ကြည့်ပြီး သူများဝေဖန်တာတွေကို လိုက် နားထောင်တဲ့ကိစ္စကိုတော့ ဘောင်ချာဖြတ်လိုက်တော့ကွာ..."

"ကဲ ငါတို့ လန်းသွားမယ့် အစီအစဉ်သစ်ကလေးများ မရှိနိုင်ဘူး ယား နီ"

"စဉ်းစားကြတာပေါ့ကွာ"

နောက် (၂) ရက်ခန့်ကြာသောအခါ သဃ်န်းကျွန်းမြို့နယ်၏ လူ အစည်ကားဆုံးနေရာတွင် "နီ... ရှောင်... ပွား အခမဲ့ စလောင်းဘောလုံး ပွဲကြည့်ရုံကြီး"ဟူသော စာတန်းနှင့် လူအယောက် (၃၀၀) ဆန့် Sony ပိတ်ကားထောင် စလောင်းရုံကြီးတစ်ရုံ ပေါ်လာသည်။

ထိုရုံကြီးထဲသို့ ဝင်သွားလျှင် ထိုရုံကြီး၏ နံရံတွင် ဘောလုံးပွဲအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးချင်တာ လျှောက်ရေးနိုင်ရန် soft pen များစွာနှင့် နံရံအသစ်စက်စက်များကို တွေ့ကြရမည်ဖြစ်သည်။

သုံးလေးငါးပွဲ ပြပြီးနောက်... နံရံပေါ်တွင် ပေါက်ကရရေးထားသော စာများကို ပြုံးပြုံးနှင့် လိုက်ဖတ်နေသော နီရှောင်ပွားတို့ သုံးဦးသားကို တွေ့ရလေသတည်း။


❐




# တစ် Ghost တည်း ဒါပေမယ့် နံပါတ်သုံး (၁)

www.burmeseclassic.com

www.burmeseclassic.com




# တစ် GHOST တည်း ဒါပေမယ့်နံပါတ်သုံး



www.burmeseclassic.com

www.burmeseclassic.com





"ဒရေဘာလူဆိုး...
စည်းသူမိုးကြောင့်...
ဝင်းဂါးမျက်ရည်...
မိုးသို့ဆွေသည်...
အကျွန် မမြင်ဝံ့ပါတကား"

"မောင်ဝင်းဂါးရေ...
မင်းသရေတွေ နှမ့်မှာခံဖို့
လက်ကျန်ဖလား လုယူသွားပြီ
မန်ယူကျော်တက်
ချယ်လ်ဆီးလက်ပြ





စိတ်ဓာတ်ကျရင်
အဆင့်သုံးမှာ
လက်ကျန်ပြိုးနဲ့
စိတ်ဖြေပါ..."

"တောက်!!"
ရည်းစားဦးနဲ့ ကွဲကတည်းက
မခတ်မိတော့တဲ့ တောက်...
ဝင်းဂါး...
မင်းနဲ့ကျမှ ပြန်ခတ်မိတယ်..."

နီက... နံရံပေါ်တွင် ရေးသွားကြသော... အာဆင်နယ် ပရိသတ်၏ ဒေါသနှင့် အားမလိုအားမရ ဖြစ်သံများ... ကြေကွဲသံများကို လျှောက်ဖတ်နေမိသည်။ အာဆင်နယ် ပရိသတ်မှာ တော်တော်လေး ကြေကွဲနေကြဟန်တူသည်။ တစ်လျှောက်လုံး ရှေ့ဆုံးမှ ဦးဆောင်လာသော အာဆင်နယ်သည် ပန်းဝင်ခါနီးမှ မြင်းကောင်းပါလျက် လမ်းကဖျက်ဖြစ်ခဲ့ရသည်။ ရေရှည်ယှဉ်ပြိုင်ရသော ပရီးမီးယားလိဂ်၏ ရသတစ်မျိုးကို ပရိသတ် ရရှိသွားသည်။

အခုတော့ အာဆင်နယ်၏ ဘဝက အဘိဓမ္မာပွားရတော့မည့် အခြေအနေသို့ ရောက်သွားပြီဖြစ်၏။ ကိုယ်တိုင်ကြိုးစားနေရုံနှင့်မရတော့။ ချယ်လ်ဆီး ရှုံးပါစေ... မန်ယူ ဒုက္ခရောက်ပါစေတွေ ဖြစ်ကုန်ပြီဖြစ်သည်။ ရေကုန်ရေခန်း ပြေးလမ်းမကြီးပေါ်တွင် အတွေ့အကြုံနှင့် အရည်အချင်းရှိဖို့ ခွဲကောင်းဖို့အပြင် သူ့ရဲကောင်းပေါ်ဖို့လည်း လိုသေးသည် မဟုတ်လား!



www.burmeseclassic.com

www.burmeseclassic.com



ပွဲပန်းလူကုန် ဖြစ်သွားသော အာဆင်နယ်သည် သရေလေးပွဲကျတော့ နှုတ်ဆက်ရပြီဖြစ်သွားလေသည်။ ပရိသတ်နည်းတူ... သူလည်း ရင်ထဲမှာ ဟာနေမိသည်။

"တော်တော်သဘောကျနေတယ်ပေါ့ ဟုတ်လား နီ"

ပွားအာမက်က မောမောပန်းပန်းနှင့် သူ့ချိုင်းကြားတွင် တစ်နေကုန် ညှပ်ထားခဲ့သော လယ်သာပိုက်ဆံအိတ်ကြီးကို အနီးရှိ စားပွဲခုံပေါ်တွင် ချရင်းပြောသည်။ ရှောင်ပီတာက သူ့နောက်ကလိုက်လာရင်း... ပန်ကာ သယ်လာသူများကို ပစ္စည်းတွေချဖို့ အော်ဟစ်အမိန့်ပေးနေသည်။ ပြီးတော့ ပန်ကာတွေကို ကျေကျေနပ်နပ်နှင့်ကြည့်ရင်း... "ဒီလောက်ဆိုရင်တော့ အပူသက်သာပြီပေါ့ကွာ"ဟု ဝမ်းသာအားရဆိုသည်။ နီက ပန်ကာတွေ ကိုကြည့်ရင်း မျက်မှောင်ကြုတ်လိုက်၏။

"ပန်ကာတွေက အဟောင်းတွေပါလား"

"အာ... မင်းကလည်း ပွားက ဘယ်တုန်းက ဘယ်ပစ္စည်းကို အသစ်ကိုင်ဖူးလို့လဲ"

"အပိုတွေ ပြောမနေနဲ့၊ ကော်ပတ်စား... ဆာဗစ်ဆင်ပြန်လုပ်... ဆေးမှုတ်... ပြီးရင် ခေါင်မိုးပေါ်တက်ချိတ်၊ ဒါပဲ ဘယ်သူမှ လေကားနဲ့ တက်ပြီး လက်သည်းနဲ့ဆိတ်ကြည့်တာမှ မဟုတ်တာ"

"ရှိစေတော့ကွာ... ငါတို့သက်တမ်းက နလုံးသားတွေနဲ့ နည်းနည်း ကလေးမှ မလွတ်ခဲ့တဲ့ ဗိုလ်ထီး (စိုင်းထီးဆိုင်)ရဲ့ "ဟောင်းပေမယ့်လည်း ကောင်းနေဆဲ"ပေါ့လေ။ ငါတို့ကို စွန့်ခွာသွားတဲ့ ဗိုလ်ထီးကို အမှတ်တရ ပေါ့လေ... ဟုတ်လား"

သူတို့ (၃) ယောက် စိတ်မကောင်းစွာဖြင့် ရယ်ဖြစ်ကြသည်။



BURMESE CLASSIC .com



**"ရင်မှာမှန်းထား**

**ကြိုးဝါးလေသံ**

**ဖာဂူဆန်ကို**

**ပီကေတစ်ထပ်**

**ကိုယ်တိုင်လုပ်၍**

**ပို့လိုက်သည်မှာ...**

**ဘာစကားမှ မပြောဖို့"**

ဆိုပါလားကွ။ ဖာဂီကြီး လေကျယ်တာကို ဝင်းဂါးဘက်က မခံချင် တဲ့လူက ရေးသွားတာဖြစ်ရမယ်" ဘောလုံးပွဲပြသည့် ရုံနံရံတွင် soft pen အနီ အပြာတွေဖြင့် ရင်ထဲရှိရာ ရေးထားကြသော စာတွေထဲက ကဗျာတစ်ပုဒ် ကို ရှောင်က ကောက်ဖတ်ရင်း ခပ်မြူးမြူးလေသံဖြင့် ဆိုသည်။

"အာဆင်နယ် ပရိသတ်ရဲ့ နာကျည်းသံဟာ မန်ယူပရိသတ် လေချွန်သံအောက်မှာ ပျောက်ဆုံးသွားတာပဲ... မန်ယူပရိသတ်က ပိုများ တယ်ကွ"

"အာရှမှာတော့ မန်ယူမှ မန်ယူပါကွာ..."

"အောင်မာ မနေ့ကပဲ အော်စီကကောင်တွေ ငါ့ကို Fax လှမ်းပို့ တယ်။ မန်ယူနိုင်လို့ အပြင်ထွက်မုန့်စားမလို့တဲ့။ ကဲ... အော်စီမှာလည်း မန်ယူပါပဲ"

နီ၏ သားတော်မောင်က အော်စီတွင် Computer Programmer သင်တန်းကို သွားတက်နေသည်ကိုပါ ရောစ၍ နီက ကြွားသွားခြင်းဖြစ်သော ကြောင့် ပွားနှင့် ရှောင်တို့ မသိချင်ယောင်ဆောင်နေလိုက်ကြသည်။ ပြီးတော့ ပွားက စကားလမ်းကြောင်း ပြောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း GHOST မရှာရတော့... တစ်မျိုးပျင်းစရာကောင်းသွားပဲကွာ"

"ဘာလဲဗျား လေဒီမယ်တော်ကို သတိရတော်မူနေလို့လား"

"အေးကွာ... နိပ်တော့ အနိပ်စားကြီးကွ၊ ဒါပေမဲ့... သူက ကိုယ့်ကို အာရုံခံနေရင် ပြဿနာကွ ဟီး... ဟီး"

ရှောင်က အရိုးအဆစ်တို့၏ ကောင်းခြင်းနှင့်ပြည့်စုံသော လေဒီမယ်တော်ကို အာရုံယူရင်း တနင့်တပိုး ဆိုလာသည်။ အခုလောက်ဆိုလျှင်တော့ အင်းစိန်၏ သင်ယူမှုများကို အာရုံပြုနေလောက်ပြီထင်သည်။ သတိရပါသည်။ မယ်တော်လေဒီ။



BURMESE CLASSIC .com

# တစ် Ghost တည်း ဒါပေမယ့် နံပါတ်သုံး (၂)

www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခုစဉ်းစားနေတာရှိတယ်ကွ။ အခုပွဲစဉ် (၃၂) အပြီး လက်ကျန် (၆) ပွဲမှာ ငါတို့ကိုယ်တိုင် ကိုယ့်ဘာသာ GHOST လုပ်ကြရင် ကောင်းမလားလို့!!"

"ဘယ်လို GHOST လဲ!"

"အခု ရှေ့ဆုံးမှာ ပြေးနေတဲ့ မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီး သုံးသင်းကို ငါတို့ (၃) ယောက် တစ်သင်းစီမဲနှိုက်ပြီး ယူမယ်ကွာ၊ ပွဲစဉ် (၃၇) မှာ အရှုံးအနိုင် ပြတ်ပြတ်သားသားပေါ်ခဲ့ရင် တတိယရတဲ့လူဟာ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို တစ်ယောက်တည်းကြည့်ရမယ်..."

"ဘာ...!! ဘာ... ဘယ်လို!!"

ပွားက နီ့ကိုကြည့်၍ ကမန်းကတမ်းဆိုသည်။

"ငါတွေးမိတာက စပြောမယ်ကွာ။ ငါတို့ အခု ဘောလုံး Show





ရုံကြီးထောင်ပြီး ကြည့်တော့ ဘာအရသာရလဲ!။ ကိုယ်နိုင်စေချင်တဲ့ အသင်းဘက်က ဘောလုံးတစ်ချက်လွဲသွားရင်... ဟေး... ကနဲအော်ပြီး ရင်ထဲမှာ ဟာခနဲဖြစ်သွားတယ် မဟုတ်လား။ ကိုယ့်ဘက်ကို တစ်လုံးဝင်တော့မလို ဖြစ်သွားရင်လည်း ဟာခနဲ အသည်းအေးသွားတဲ့ "ဟား..." ဆိုတဲ့ အော်သံကြီးကို ကြားရတယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒါ လူတွေအားလုံးနဲ့ ဘောလုံးပွဲကြည့်ရတဲ့ အရသာကြောင့်ပေါ့ ငပွားရဲ့"

နီက တုံးလွန်းသောပွားကို လက်ညှိုးငေါက်ငေါက်ထိုး ရန်တွေ့လိုက်သည်။ ပွားက တစ်ချက်မဲ့ရင်း "ဘဘ... ကျွန်တော့်ကို ငပွားလို့ မခေါ်နဲ့"ဟု ကလေးလိုခွေးလို လုပ်ပြီး... တစ်ချက်စဉ်းစားသည်။ ရှောင်ကတော့ ကျုတ်ထားသော မျက်မှောင်ကို ဖြည်ရင်း...

"အဲဒီတော့... ဘာဖြစ်လဲ! ရှင်းရှင်းပြောကွာ"

"ဒီတော့ အဟမ်း... အဟမ်း... အဆင့် (၃)ပဲရတဲ့ ချာတိတ်ကို ငါတို့က အပြစ်ပေးတဲ့အနေနဲ့ ဗိုလ်လုပွဲကို တစ်ယောက်တည်း ကြည့်ခိုင်းမယ်"

"အမ်း!!"

နီ့စကားကြောင့် ပွားနှင့် ရှောင် ငေါင်တောင်တောင်ဖြစ်ပြီး စဉ်းစားကြသည်။

"မင်းကို TRADER HOTEL ရဲ့ အကောင်းဆုံးအခန်းမှာ စားစရာ အပြည့်အစုံနဲ့ သောက်စရာ အပြည့်အစုံနဲ့ တစ်ယောက်တည်းထားခဲ့မယ်။ ဗိုလ်လုပွဲလို ပွဲမျိုးကို တစ်ယောက်တည်း စကားပြောဖော်မရှိဘဲနဲ့ ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဒုက္ခဟာ ရှုံးတဲ့လူပေးရမယ့် တန်ဖိုးပဲ... ကဲ... ဘောတူကြလား"

ရှောင်နှင့် ပွားတို့ ငြိမ်သွားသည်။

ဗိုလ်လုပွဲကို တစ်ယောက်တည်း ကြည့်ရမည်ဆိုသည့် အပြစ်က တော်တော်ကြီးကို ခံစားရမှာသေချာသည်။ ဘောလုံးပွဲဆိုတာ အော်ဖော်ကလေးနဲ့ ကိုယ်ဝေဖန်တာကို ပြန်ငြင်းတဲ့ ဒါမှမဟုတ် ထောက်ခံမယ့် နံဘေးနားက လူကလေးနဲ့မှ အသည်းယားတာ... ရင်ခုန်တာ... အားမလို အားမရဖြစ်တာ၊ ဒေါသဖြစ်တာ၊ ပျော်တာ... မကျေနပ်တာ... အခုတော့ ခံစားမှုအားလုံး အဖော်မရှိ... တစ်ယောက်တည်းတဲ့။ အထီးကျန်မှုမှာ ခံစားမှုတွေကို မချင့်မရဲ ဖြစ်စေမယ့် နိပ်စက်မှု။

"ဘာဖြစ်လဲ... TV ပိတ်ပြီး အိပ်နေမှာပေါ့ကွ"

"တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးက ကြည့်မယ့် ဗိုလ်လုပွဲကို မကြည့်ဘဲ အိပ်နိုင်ရင် အိပ်ပေါ့ကွ၊ ငါဆိုရင်တော့ ကြည့်မှာပဲ"

နောက်ဆုံးတော့ နီ့အစီအစဉ်ကို ရှောင်နှင့်ပွားတို့ သဘောတူပြီး မဲနှိုက်လိုက်ကြသည်။ နီက အာဆင်နယ်၊ ပွားက ချယ်လ်ဆီး၊ ရှောင်က မန်ယူ အသီးသီးရကြသည်။ ရှောင်က တော်တော်တော်ပျော်၍နေသည်။ ဒါပေမယ့် ကံကြမ္မာဆိုတာ ဘယ်ပြောနိုင်မှာလဲ?

ကဲ... သင်ရော... ဘယ်သူနဲ့အတူ ကံကြမ္မာကို ယုံကြည်ကြမှာလဲ။ အာနီလား!။ ပွားချယ်လ်လား!။ ရှောင်ယူလား!။

**ကဲ... မိတ်ဆွေ ဘယ် GHOST နဲ့ အတူနေချင်ပါသလဲခင်ဗျား။**


❒



# မန်ယူ ... ရှုံးတဲ့... ည (၁)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ဘောလုံးကို ပီလီ... မာရာဒိုနာ... ဘက်ဂီယို... ရော်နယ်ဒို... ရော်နယ်ဒင်ဟို... ကာကာ... အစရှိသည့် နာမည်ကြီး ဘောလုံးသမားတွေ ဘယ်လောက်ကျွမ်းကျင်စွာ ကန်နိုင်သည်ဖြစ်စေ... ကံကြမ္မာကိုတော့ ကျွမ်းကျွမ်းကျင်ကျင် ကန်နိုင်သူ ဒီနေ့အထိ မရှိသေးပါ။

ကျွန်တော်တို့ အားလုံးလည်း ကိုယ့်ကံကြမ္မာ ဂိုးပေါက်ထဲ ကိုယ်တိုင်စိတ်ကြိုက်တည်ပြီး ကန်သွင်းခဲ့ကြဖူးသူများသာ ဖြစ်ပါသည်။ ကိုယ်က လည်း ဖမ်းသူ တစ်ခါတရံ ဖြစ်တတ်ပါသည်။

ကံကြမ္မာဂိုးပေါက်သည် ကိုယ်က ကန်ရသူဖြစ်လျှင်... ကျဉ်းနေတတ်ပြီး ကိုယ်က ဖမ်းရသူဖြစ်လျှင်... ကျယ်နေတတ်ပါသည်။ ဒါကတော့ ဘယ်သူနှင့်ဖြစ်ဖြစ် တစ်သန်းကြေးလောက် လောင်းရဲပါသည်။ ကိုယ်က ကန်ရသည့်အချိန်တွင်... ဖမ်းသူကို မသနားနိုင်သလို ကိုယ်က ဖမ်းရသူ





ဆိုလျှင်လည်း ကန်သူကို မသနားနိုင်ပါ။

ဒါပေမဲ့... ကျွန်တော်တို့ တစ်နိုင်ငံလုံး အသည်းကွဲခဲ့ကြ၏။

"ငါ့ကို... ဗိုလ်လုပွဲကလေးကိုတော့ အတူတူကြည့်ခွင့်ပေးပါကွာ"

နီက မျက်နှာငယ်လေးနှင့်ပြောသော စကားကို ပီတာရှောင်နှင့် ပွားအာမက်တို့က ရီးရီးသားသားပင် ငြင်းလိုက်ကြသည်။

"ငါတို့ ကတိထားကြတဲ့အတိုင်းပဲကွာ ဗိုလ်လုပွဲကို မင်းဘာသာ တစ်ယောက်တည်း ကြည့်ပေါ့ကွ"

"မင်းတို့ကလည်းကွာ!"

"နီရာ ငါတို့ ကိုယ်ကြိုက်တဲ့အသင်းကိုယ် ရွေးခဲ့ကြတာပဲ မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်ကွာ၊ အာစင်ဝင်းဂါးကိုလည်း ငါ သနားပါတယ်၊ မော်ရင်ဟိုလေးကိုလည်း သနားတယ်"

"မော်ရင်ဟို... မင်းက ဘာကို ဆိုလိုတာလဲ နီ!"

ချယ်လ်ဆီးအသင်းကို ရွေးထားသော ပွားအာမက်က နီ့ကို တအံ့တဩနှင့်မေးသည်။

"အခု ချယ်လ်ဆီးက အောင်မြင်သွားတော့ ဂရန့်က သိက္ခာရှိသွားတာပေါ့၊ ဒီတော့ ငါက မော်ရင်ဟိုကို သနားတာပါ၊ ကိုယ်က စွန့်ထားခဲ့ရင် ဒုက္ခရောက်မှ ကျေနပ်ကြတာ မဟုတ်လား!"

"ဒါတော့ မင်းမှာ ဗြဟ္မစိုတရား မရှိတာပါကွာ"

"ငါက နည်းနည်းရှိလို့ မော်ရင်ဟိုကို သနားတယ်လို့ ပြောတာ မဟုတ်ဘူးလား၊ မရှိတာက မင်းတို့ မင်းတို့က ငါ့ကို အခု ဘောလုံးပွဲ ပေးမကြည့်ဘူးမဟုတ်လား"

www.burmeseclassic.com



နီက ဒေါသတကြီး အော်လိုက်သဖြင့် ပွားနှင့်ရှောင်တို့ အချင်းချင်း တစ်ချက်ကြည့်လိုက်ကြသည်။ ဒီလိုနေရာမျိုးဆိုလျှင်တော့ ပွားကြီးက စကားပြော အကောင်းဆုံးလူဖြစ်ပါသည်။ ထို့ကြောင့် ပွားက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး နီရှိရာဘက်သို့ ထွက်လိုက်သည်။ ပြီးတော့ နီ့ကို ပခုံးမှ ဆွဲပြီး ရင်ဘတ်ချင်းအပ်ကာ ဖက်ထားလိုက်၏။

"ငါတို့က သစ္စာရှိတာပေါ့ကွာ တို့ကတိအတိုင်း နေရလို့ ငါတို့ရော ပြောစရာ အော်စရာ မင်းမရှိလို့ စိတ်ကောင်းကြမယ်ထင်လို့လား"

"ငါ မှားသွားတယ်ကွာ"

"ရပါတယ် နီရာ"

"ချယ်လ်ဆီးက ဘော်လ်တန်ကို ဂိုးနှစ်ဆယ် မသွင်းနိုင်ပါဘူး"

"ဒါပေါ့ ဘော်လ်တန်က ဂူအမ်မှ မဟုတ်တာ"

"အဲဒီလိုတော့ မပြောနဲ့ကွ၊ မင်းတို့ မန်ယူကရော ဝီဂန်ကို မရှုံးဘူးလို့ ပြောနိုင်သလား"

ပွားက ဂူအမ်အကြောင်းကို ဝင်ပြောသော ရှောင့်ကို ဒေါသတကြီး ပြန်ပြောပြန်သည်။ ပွားနှင့် ရှောင် မျက်နှာချင်းဆိုင်ကြည့်ကြ၏။ ပြီးတော့မှ ရှောင်က သူ့ထုံးစံအတိုင်း ခေါင်းကလေးကို တဆတ်ဆတ်ညိတ်ရင်း

"မပြောနိုင်ပါဘူး... မပြောနိုင်ပါဘူး... ကံကြမ္မာကို ဘယ်သူက ပြောနိုင်မှာလဲကွာ... သူတို့က စိတ်ရော ခန္ဓာကိုယ်ရောနဲ့ ကန်ပြီး ငါတို့က စိတ်တစ်ခုတည်းနဲ့ ကြည့်ရတာ ချယ်လ်ဆီး နောက်တန်းက ရွှန်နီကို မှားပေးတာမျိုးကို ဘယ်သူ မလုပ်ဘူးလို့ ငါက တာဝန်ယူရမှာလဲ"

"Sorry ရှောင်ရာ ခုနက နီ ပြောတဲ့စကားကိုပဲ ငါက ပြန်ပြောပါ့မယ်၊ ငါ မှားသွားတယ်ကွာ"





"ဟာကွာ မင်းကလဲ"

ထင်မှတ်မထားပါပဲ သူငယ်ချင်းသုံးယောက် လက်ဆွဲနှုတ်ဆက်ဖြစ်ကြသည်။ ပြီးတော့ အားရပါးရလည်း အော်ရယ်လိုက်ကြ၏။

"ငါပြောမယ် မန်ယူရှုံးတဲ့နေ့က ဘယ်သူတွေ ဘာတွေဖြစ်ကြလဲဆိုတာ မင်းသိလား"

နီက အားရဝမ်းသာပြောသည်။

"ဟုတ်လား၊ မင်းလိုပဲ ငါလည်း ပြောစရာရှိတယ် နီရေ မင်း အရင်စပြောကွာ"

"ဟော့ကောင်တွေ မင်းတို့ ပြောမယ်ဆို ငါ့မှာလည်း ပြောစရာရှိတာပေါ့ကွ... ကဲ ခဏထိုင်ကြဦးကွာ... တို့ မန်ယူရှုံးတဲ့ညအကြောင်း ပြောရအောင်"

သူငယ်ချင်းသုံးယောက် သူကို့ ဘောလုံးပွဲရုံထဲမှာပဲ ထိုင်လိုက်ကြသည်။

ပြီးတော့... မန်ယူရှုံးတဲ့ညအကြောင်းပြောဖို့ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြ၏။

"ငါက... အရင်ပြောပါရစေကွာ... ဘာဖြစ်လို့လဲဆိုတော့ ငါက ရပ်ကွက်ထဲမှာနေတဲ့လူလည်းဖြစ် ငါ့ရပ်ကွက်တစ်ရပ်ကွက်လုံးကလည်း မန်ယူပရိသတ် ဖြစ်နေလို့ပါ"

"ဟော့ကောင်... ငါတို့ရပ်ကွက်ထဲက သူဌေးတွေလည်း မန်ယူပါပဲကွ"

ပီတာရှောင်က ဒေါသတကြီး မဟုတ်ဘဲ ဝမ်းသာအားရ ပြောသည်။

"ဒီတော့ ငါတို့သုံးယောက် မန်ယူရှုံးတဲ့ 'ည'အကြောင်းပဲ ပြောရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပါကွာ... ကဲ... ဘယ်သူက အရင်စပြောမှာလဲ"

ပွားအာမဏ္ဍ်က အားလုံးကို ကြည့်ရင်းပြောသည်။

နီက ပွားနှင့် ရောင့်ကို ခေါင်းကလေးငုံ့ကာထားရင်းနှင့် ပြောသည်။

"ငါ... အရင်ပြောပါရစေကွာ... ငါက သုံးယောက်ထဲမှာ တစ်ယောက်တည်း GHOST ဖြစ်တဲ့ကောင်မို့လို့ပါ၊ ပြီးတော့ ငါပြောချင်တာကလည်း ရိုးရိုးသားသားကိစ္စပါ"

"ကဲ... ပြောပါကွာ ငါတို့မှာလည်း ပြောစရာတွေနဲ့ဟ..."

"ဒီလိုကွာ... မန်ယူရှုံးတဲ့ညမှာ ငါ့အိမ်ဘေးကပ်လျက်က အဖြစ်လေးပါ သူတို့က ညီအစ်မသုံးယောက်ရှိတယ်ကွ အားလုံးတောင့်တယ်"

"မန်ယူရှုံးတဲ့ညကို ပြောမှာနော် နီ... ."

□



# မန်ယူ ... ရှုံးတဲ့... ည (၂)

www.burmeseclassic.com

www.burmeseclassic.com



ပွားအာမက်က စိတ်မရှည်သလို ဝင်၍ပြောသည်။

အမှန်တော့ တောင့်သည်ဆိုကတည်းက သူက စိတ်ဝင်စားနေပြီ ဖြစ်သည်။ ရှောင်ကတော့ ထုံးစံအတိုင်း ဝင်းပသော မျက်လုံးကြီးဖြင့် နီ့ကိုကြည့်၍နေ၏။ ပြီးတော့... နီ ဆက်ပြောအောင် စကားစပေးလိုက်သည်။

"မန်ယူရှုံးတဲ့ညမှာ အဲဒီကောင်မလေးတွေက တောင့်တယ်ကွာ၊ ပြီးတော့"

"အင်း... သူတို့သုံးယောက်မှာ အစ်ကိုအကြီးဆုံးတစ်ယောက်လည်း ရှိတယ်ကွ၊ အဲဒီအစ်ကိုကို သူတို့ကလည်း သိပ်ချစ်တာ၊ အဲဒီအစ်ကိုက သူတို့ကိုလည်း သိပ်ချစ်တာ"

"မန်ယူ... ရှုံးတဲ့ညလေကွာ"

"အေးပါကွာ"





နီက ခဏစဉ်းစားချင်ယောင်ဆောင်နေသည်။

မန်ယူရှုံးတဲ့အကြောင်း ပြောရမှာလား၊ ညီအစ်မသုံးယောက်အကြောင်းပဲ ပြောရမှာလားဆိုတာ ဝေခွဲ၍မရ ဖြစ်နေဟန်တူသည်။ ရှောင်ရော ပွားရောကတော့ မန်ယူရှုံးတဲ့ညမှာ ဒီညီအစ်မသုံးယောက် ဘာဖြစ်ပါလိမ့် ဟု သိချင်နေကြ၏။

"အဲဒီ ညီအစ်မသုံးယောက်ထဲက အတောင့်ဆုံးတစ်ယောက်က မန်ယူပရိသတ် မဟုတ်ဘူးကွ"

"ဘာ... အတောင့်ဆုံးကြီးက"

"အေးလေ"

"ဘာဖြစ်လို့ သူက မန်ယူပရိသတ် မဟုတ်ရတာလဲ"

"ဒါတော့ ငါလည်းဘယ်သိမလဲ"

နီနှင့်ရှောင်တို့ အော်ကြသည်။ ပွားက ခဏစောင့်ပြီးတော့မှ လေအေးအေးကလေးဖြင့် ဝင်ပြော၏။

"ကဲပါကွာ... ဘယ်သူက ဘယ်ပရိသတ်ဖြစ်ဖြစ်ပါ၊ သူတောင့်တာနဲ့ မန်ယူပရိသတ်ဖြစ်ရမှာနဲ့ မဆိုင်ပါဘူး။ ကဲ ပြောကွာနီ"

"အေးကွာ မန်ယူနဲ့ ချယ်လ်ဆီးကန်တဲ့ညက သူတို့အစ်ကိုက အိမ်မှာ ထမင်းမစားဘူးတဲ့၊ ကန်တဲ့အချိန်ကလည်း ညဘက် ထမင်းစားချိန်ကြီးမို့ သူ့အစ်ကိုက ထမင်းမစားပဲ သွားတာဖြစ်မှာပေါ့ကွာ"

"အေးပေါ့"

ရှောင်က အားတက်သရော ဝင်ထောက်ပေးသည်။

"သူတို့အစ်ကို ထမင်းမစားတော့ ညီအစ်မသုံးယောက်ကလည်း မစားကြဘူးတဲ့၊ ဘာဖြစ်လို့လည်းဆိုတော့ တစ်အိမ်လုံးကို ရှာကျွေးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့အစ်ကို ထမင်းမစားရသေးဘဲနဲ့ သူတို့က မစားဘူးပေါ့ကွာ”

“ထမင်းမစားတာကို ထားလိုက်တော့ နီရာ”

ပွားကလည်း စိတ်မရှည်သလို ဝင်၍ပြောသည်။

“အဲဒါ အရေးကြီးလို့ပြောနေတာပေါ့ကွ၊ ကိုးနာရီလောက်ကြတော့ ကောင်မလေး သုံးယောက်စလုံးက ဗိုက်ဆာလာပြီ။ ဒီတော့ သူ့အစ်ကို ဘောလုံးပွဲသွားကြည့်တဲ့ လက်ဖက်ရည်ဆိုင်ကိုလိုက်ဖို့ အတောင့်ဆုံးကြီးက ပြောရော၊ ဒီတော့ ကျန်တဲ့ညီအစ်မနှစ်ယောက်ကလည်း သဘောတူတယ်ကွာ”

“အတောင့်ဆုံးကြီးက အဲဒီ အတောင့်ဆုံးကြီးရဲ့ နာမည်က ဘယ်သူလဲ” ပီတာရှောင်က အလောတကြီး ဝင်၍မေးသည်။

“အင်း… အတောင့်ဆုံးကြီး နာမည်၊ ငါလည်း မသိဘူးကွ”

“မင်းကလည်းကွာ”

“ကဲ… ထားပါ၊ ဆက်ပြော မင်းရဲ့ မန်ယူရှုံးတဲ့ညအကြောင်းကို”

ပွားအာမက်က ဝင်ထောက်ပေးလိုက်၏။ အတောင့်ဆုံးကြီး ဘာဖြစ်နေလဲဆိုတာကို သူသိချင်နေပြီဖြစ်သည်။

“အတောင့်ဆုံးကြီးလိုက်သွားတဲ့အချိန်မှာ ချယ်လ်ဆီးက မိုက်ကယ်ဘောလက်က ခေါင်းတိုက်ပြီးပြီ။ ဗိုက်အောင့်နေတဲ့ ရွန်နီကလည်း အခွင့်အရေးကို အသုံးချပြီးသွားပြီ။ ငါ စကားကလေးဖြတ်ပြောမယ်နော်၊ ရွန်နီက ဗိုက်အောင့်နေလို့ နောက်ကိုပြန်မဆင်းနိုင်တဲ့အတွက် မန်ယူ ကံကောင်းသွားတာ”

“အဲဒါ ထားပါကွာ၊ ငါတို့ သိပြီးသားတွေပါ၊ အဲဒါနဲ့ အတောင့်ဆုံးကြီးက”





ပွားက တော်တော်စိတ်မရှည်တော့ဟန်တူသည်။ သိပြီးသားတွေလာမပြောနဲ့ပေါ့။

“အတောင့်ဆုံးကြီး ဘောလုံးပွဲပြတဲ့ စပယ်ဦးလက်ဖက်ရည်ဆိုင်ထဲကို ဝင်သွားတဲ့အချိန်မှာ ချယ်လ်ဆီးကို ပင်နယ်တီပေးမပေး ပြဿနာကတက်နေပြီ။ ဒီတော့ ပွဲကြည့်ပရိသတ်က တဝေါဝေါ တဝုန်းဝုန်းဖြစ်နေလို့ သူ့အစ်ကိုကို အတောင့်ဆုံးကြီးကခေါ်တာ အော်တာကို ဘယ်သူမှမကြားဘူးဖြစ်နေရောတဲ့”

“အေးပေါ့၊ ဒီလိုအချိန်မှာကို”

“ဒါနဲ့ အတောင့်ဆုံးကြီးကလည်း အနားက လူတစ်ယောက်ကိုမေးတော့ အဲဒီလူက ရှင်းပြတယ်။ ဝမ်းဝမ်းသရေကျနေချိန်မှာ ချယ်လ်ဆီးကို ပင်နယ်တီပေးတယ်ပေါ့ကွာ။ ဒီတော့ အတောင့်ဆုံးကြီးက ဝမ်းသာသွားတယ်တဲ့။ သူက မန်ယူသမားမဟုတ်ဘဲ ချယ်လ်ဆီးသမားကိုး၊ လူဆိုတာက ကိုယ့်ရင်ထဲဘက်က ရှိတာနိုင်ရင် ဝမ်းသာတတ်ကြတာပဲမဟုတ်လား”

“ကဲ… ဟုတ်ပါပြီ၊ အဲဒီတော့”

“အဲဒီတော့ ဘောလက်နဲ့ ဒရော့ဂ်ဘာ သူလိုကိုယ်လို ဖြစ်နေပြီးတော့မှ ဘောလက်က ကန်မယ်လုပ်တာကို တစ်ရှုံလုံးလည်း တိတ်ပြီးတော့ အတောင့်ဆုံးကြီးလည်း အသည်းတွေဘာတွေ ယားလာတာပေါ့ကွာ”

“ဒါပေါ့ကွာ”

“အဲဒါနဲ့ အတောင့်ဆုံးကြီးက သူ့ဘေးကလူရဲ့လက်ကို ဆုပ်ကိုင်ထားလိုက်ရောတဲ့”

“ဘာ… ကွာ”



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ ငါလည်း ဘယ်စိတ်ကောင်းပါ့မလဲ"

"ဆက်ပြောကွာ"

"အဲဒီမှာ ဘောလက်ကန်လိုက်တာ လွတ်လွတ်လပ်လပ်ကြီး ဂိုးဝင်သွားတော့ တစ်ရုံလုံး တိတ်သွားတဲ့အချိန်မှာ အတောင့်ဆုံးကြီးက ဝမ်းသာအားရအော်ပြီးတော့ လက်ခုပ်တွေဘာတွေ တီးပြီးအော်တာကိုး"

"ဩော်"

"အော်ရုံတင်မကဘူး၊ အတောင့်ဆုံးကြီးက သူ့ဘေးနားက ခုနက လက်ကိုင်ထားတဲ့လူကို ဖက်ပါနမ်းလိုက်ရောတဲ့"

"ဟာကွာ"

"အတောင့်ဆုံးကြီးတစ်ယောက်တည်း အော်လို့ လူတွေက လှည့်ကြည့်တဲ့အထဲမှာ သူ့အစ်ကိုကြီးလည်းပါတာကိုး။ ဒီတော့ သူ့အစ်ကိုက ဒေါသတကြီးနဲ့ ထွက်လာပြီး အတောင့်ဆုံးကြီးကို ပါးရိုက်တာပဲ"

"သေပြီပေါ့ကွာ"

"ပြဿနာတွေ ရှင်းကြတော့ အတောင့်ဆုံးကြီးရဲ့ အစ်ကိုကို အားလုံးက ဝိုင်းဆွဲထားရတယ်။ အနမ်းခံရတဲ့ ကျောင်းသားလေးကလည်း အတောင့်ဆုံးကြီးနဲ့ သူ မသိတဲ့အကြောင်း၊ နမ်းတာကို သူလည်း ဗလိုင်းကြီး ခံလိုက်ရတဲ့အကြောင်းတွေ ပြောတာကိုး။ ဒါပေမယ့် သူ့အစ်ကိုက ပြန်ပြောတဲ့စကားက ရှင်းတယ်"

"ဘာ... ဘာပြောတာလဲ"

"နင်... ဟိုကောင်၊ ဒီကောင့်ကို နမ်းလို့ ပါးရိုက်တာမဟုတ်ဘူး၊ မန်ယူရှုံးတာကို နင်က ဝမ်းသာအားရဖြစ်နေလို့ ပါးရိုက်တာပေါ့၊ သိပြီလားတဲ့"





နီ့စကားဆုံးတော့ အားလုံး ငြိမ်ကျသွားကြသည်။


သက်ပြင်းတွေလည်း အသီးသီးချလိုက်ကြ၏။ ထိုအကြောင်းမှာ 'နီ'က ပြောပြသော **'မန်ယူရှုံးတဲ့ည'** အကြောင်း ဖြစ်ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com



# နာမည်ကြီးတွေ လွဲတဲ့ည (၁)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





'မင်း... ရဲ့ မန်ယူရှုံးတဲ့ညကို နောက်မှ ပြောတော့ကွာ'

ပွားက မန်ယူရှုံးတဲ့ညအကြောင်းကို ပြောမည့် ပီတာရှောင်ကို ဒေါသတကြီးနှင့်ပြောပြီး ပီတာက နည်းနည်းစိတ်ဆိုးသွားသော်လည်း ဒါဟာ ကိစ္စတစ်ခုခုတော့ ရှိမည်ဟုသိပြီး...

"မင်းက ဘာပြောချင်လို့လဲ"

**"နာမည်ကြီးတွေ လွဲတဲ့ည"**

"ဘာ...!"

"နာမည်ကြီးတွေ လွဲတဲ့ညလို့ ပြောနေတာ။ အဲဒီနေ့က ငါ Show ရုံကို မရောက်ဖူး မဟုတ်လား"

"အေး... အဲဒါကို ပြောမလို့၊ ဒီမှာ ပရိသတ်က မနိုင်မနင်းဖြစ်နေတာကို မင်းက ဘယ်ကိုရောက်နေတာလဲ"





ပွားအာမက်ကို နီက ဖိဟောက်သည်။ သူက မန်ယူ ပရီးမီးယားလိဂ် ချန်ပီယံညတုန်းက တစ်ယောက်တည်း ကြည့်ခဲ့ရတာကို ဒေါသဖြင့်ပြောခြင်း ဖြစ်၏။ အခု မန်ယူပဲ ချန်ပီယံလိဂ်ဖလားကို ဗိုလ်လုပွဲကန်ရတော့ သူငယ်ချင်းတွေနှင့်အတူ ကြည့်ခွင့်ရသည့် 'ည'မှာ ပွားအာမက်က မရှိသောကြောင့်ဖြစ်သည်။

"ငါလည်း အဲဒါကို ပြောမလို့ကွာ၊ ငါ့ကာရာအိုကေဆိုင်က အဲဒီနေ့ညက ပြဿနာတက်တယ်"

"ဘာတက်တာလဲ"

ရှောင်က မကျေနပ်သလို မျက်မှောင်ကြုတ်၍ မေးသည်။

"ကောလိပ်က ကျောင်းသားလေးတွေပါကွာ၊ ဆားဗစ်တက်စ် ကောက်တာကို မကျေနပ်လို့တဲ့"

"ထားတော့ကွာ"

ရှောင်က သူ့လက်ကို ဝှေ့ရမ်းရင်းပြောသည်။ ရှောင့်စိတ်ထဲမှာက နာမည်ကြီးတွေ လွဲတဲ့ညနဲ့ ဒါနဲ့ ဘာဆိုင်လို့တုန်းဟု စဉ်းစားနေပုံရသည်။

"ထားပါတယ်ကွာ၊ အဲဒါကို ဆိုင်က လှမ်းဖုန်းဆက်တော့ ငါရောက်သွားရတာ၊ ဟိုရောက်တော့ ပြေလည်ပါတယ်။ ကောင်လေးတွေလိုတဲ့ ပိုက်ဆံကလည်း တစ်ထောင်တည်းပါ။ ဒါနဲ့ ငါကလည်း အေးဆေးပဲပြောပြီးတော့ ရင်းနှီးအောင်လုပ်လိုက်ရတာပေါ့။ ဟုတ်တယ်လေ။ Customer ဆိုတာက အမြဲတမ်း Right တယ်လို့"

"ပွား... မင်း အင်္ဂလိပ်လို မပြောရင်ကောင်းမယ်ကွာ၊ မင်း အဲဒီညက ဘာဖြစ်တယ်ဆိုတာပဲ သိချင်တာ"

"အဲဒီအချိန်မှာ... ည... မဟုတ်ပါဘူး။ မနက် (၁) နာရီဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ငါ့ကိစ္စတွေ ခဏထားပြီး အခန်းနံပါတ် (၂၀၄) မှာ ဘောလုံးပွဲ ကြည့်ဖို့ ပြောလိုက်တယ်"

"ပြောတော့..."

"ပြောတော့ ငါ့ဆိုင်ပဲကွ၊ ရတာပေါ့ ဒါပေမယ့် အဲဒီအခန်းမှာက မိန်းကလေးတစ်ယောက် ကာရာအိုကေဆိုနေတယ်တဲ့။ ဒါနဲ့ ငါလည်း အဲဒီကိစ္စကို စိတ်ဝင်စားသွားတယ်။ ဘယ်နဲ့ မိန်းကလေးက ညကြီးမင်းကြီး ကာရာအိုကေလာဆိုနေရတာလဲပေါ့ကွာ"

ပွားစကားကြောင့် နီနှင့် ပီတာတို့ မျက်လုံးဘတ်သီးတွေ အရင်က ထက်ပိုလင်းလာကြ၏။ ဟုတ်တယ်လေ။ မိန်းကလေးတစ်ယောက်က ဒီအချိန်ကြီးမှာ ကာရာအိုကေကို တစ်ခန်းလုံးငှားပြီး သီချင်းလာဆိုနေတာ ဆိုတော့ စိတ်ဝင်စားစရာကောင်းနေပြီ မဟုတ်လား။

"ဆက်ပြောကွာ"

"ငါက သူ့ကို ရှင်းပြရတာပေါ့ကွာ၊ ချန်ပီယံလိဂ် Final ပွဲကို ကြည့်ချင်တယ်လို့ပါဆိုတော့ သူက ဘောလုံးပွဲဆိုတာကို သူ နည်းနည်းတော့ စိတ်ဝင်စားပါတယ်တဲ့။ ဒါပေမဲ့ သီချင်းတွေလောက်တော့ စိတ်မဝင်စား ဘူးတဲ့။ ဒါပေမယ့် သူက ဒီအခန်းကို ငှားထားတာမို့ အစ်ကိုကြီးကို ခဏတော့ ကြည့်ခွင့်ပေးမယ်တဲ့"

"အာ... မင်းက ဒီဆိုင်ရှင်ဆိုတာကို သူ မသိဘူးလား"

"မသိဘူးကွ၊ ဝန်ထမ်းကောင်လေးတွေက ငါမလာခင် သုံးလေးခါ သွားပြောထားလို့ အရေးကြီးလူဆိုတာလောက်ပဲ သိတာ"

"ဆက်ပြောကွာ"

"ငါကလည်း ပိုင်ရှင်ဆိုတာကို မပြောဘူးလေ၊ မိန်းကလေးတွေနဲ့





တွေ့ရင် ဈေးတစ်ဝက်လောက်ဆစ်ထားမှ တော်ရုံကျတာမ ဟုတ်လား ဒါပေမဲ့ အခုကောင်မလေးက နီပြောသလို အတောင့်စားကြီးတော့ မဟုတ် ဘူး။ ဂျင်းဘောင်းဘီကွာတားကလေးနဲ့ သွယ်သွယ်ကလေးက လှတာ ကတော့ နတ်ခမ်းပဲ။ အင်ဂျလီနာဂျိုလီတို့လို နှုတ်ခမ်းမျိုးပါ။ ငါကလည်း ဘရက်ပစ်လို မုတ်ဆိတ်တွေ ရိတ်မထားတော့"

"ဟော့ကောင်ပွား နာမည်ကြီးတွေ လွှဲတဲ့ညလေ"

နီက ဒေါသတကြီး ဝင်အော်သည်။ နီ့မှာက အဲဒီအကျင့်ရှိသည်။ ခပ်မိုက်မိုက် ကောင်မလေးတစ်ယောက် အခြားတစ်ယောက်နှင့် ကြည်သည် ဆိုလျှင် ထိုကောင်မလေးကို မမြင်ဖူးလျှင်နေပလေ့စေ။ သဝန်တိုတတ်လေ့ ရှိသည်။

"အေးကွာ၊ ဒါနဲ့ ငါက ဘောလုံးပွဲကလေး ခဏလောက်ဖွင့်ပါရစေ ဆိုတော့ သူက ခွင့်ပြုတယ်ကွာ။ အဲဒီအချိန်မှာ (၁) နာရီ (၁၀) မိနစ် ရှိနေပြီ ဖွင့်ဖွင့်ချင်း Final ပွဲရဲ့ အဆုံးသတ်ဆိုတော့ သီချင်းနဲ့စတော့ သူက မြူးသွားတာပေါ့။ ငါ့ပေါင်ကိုပုတ်ပြီး 'ကြိုက်ပြီ' 'စိတ်ဝင်စားပြီ' လို့ အော်တယ်။ ပြီးတော့ ငါ့ကိုလည်း ဘယ်အသင်းနဲ့ ဘယ်အသင်းကန် မှာဆိုတာကို ပေါင်ကိုပုတ်ပြီး အကြိမ်တစ်သန်းလောက်မေးတယ်ကွာ"

"ပေါင်ကိုပုတ်တာ မပြောနဲ့တော့ကွာ။ အဲဒီကောင်မလေးက ဘယ် အသင်းနဲ့ ဘယ်အသင်းဆိုတာကိုတောင် မသိဘူးလား"

"မသိဘူးကွ၊ သီချင်းနဲ့စလို့ သူက စိတ်ဝင်စားပြီးကြည့်တာ"

"ကဲ... ကြည့်ရောကွာ"

"ကြည့်တော့ သိတဲ့အတိုင်းပဲလေကွာ၊ မန်ယူက ပထမပိုင်း မိနစ် (၂၀) လောက် ဖိထားတာကိုး။ ငါက ရော်နယ်ဒို ညံ့တယ်၊ ရွန်နီ ဂိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပျောက်နေတယ် အဲဒီလိုမျိုးတွေ အားရပါးရအော်တော့ သူက ဟီဟိလို့ပဲရယ်တယ်”

နီရော ပီတာရှောင်ပါ ဒီတစ်ခါတော့ ငြိမ်နေရပြီ။ အတောင့်ဆုံးကြီးက မြင်ရုံပဲ မြင်လိုက်ရတာ။ အခုဟာက ပွားအာမက်ရဲ့ ကိုယ်တွေ့ဆိုတော့ ဘာတွေဖြစ်မလဲဆိုတာကို စိတ်ဝင်စားနေကြ၏။ ချုန်ပီယံလိဂ်ဗိုလ်လုပွဲကြီးမှာ ကောင်မလေးတစ်ယောက်နှင့် ဘောလုံးပွဲ အတူတူကြည့်ခွင့်ရသော ပွားကိုလည်း မနာလိုဖြစ်နေကြ၏။

“သူက ရယ်မှာပေါ့၊ သူက တစ်ယောက်ဆို တစ်ယောက်ကိုမှ မသိဘူးကွ၊ ရော်နယ်ဒိုက ခေါင်းတိုက်သွင်းလိုက်တော့ ငါက လက်သီးလက်မောင်းတန်းပြီး အော်တာပေါ့ကွာ”

“ဟော့ကောင်၊ မင်းက ချယ်လ်ဆီးလေ”

“မှန်တယ်၊ ရင်ထဲမှာရှိတာက မန်ယူလေ၊ ဒိုလေး အောင်ပွဲခံနေတုန်းမှာ ငါ့ကို သူက ဘာပြောသလဲဆိုတော့”

“ဘာပြောသလဲ”

ပွားက ခဏစဉ်းစားနေသည်။ သူ့ထုံးစံအတိုင်း စိတ်လှုပ်ရှားလျှင် လုပ်လေ့ရှိသော နှုတ်ခမ်းမွေးကိုသပ်ခြင်း၊ ဆံပင်ကို လက်ဖြင့်ပင့်တင်ခြင်း၊ လက်ချောင်းများ အချင်းချင်းလိမ်ချိုးခြင်းတို့ကို လုပ်ပြီးမှ

“သူပြောတာကကွာ…”

“ပြောလေကွာ”

“တော်တော်ပေါတယ်နော်တဲ့”

“ဘာ…”

“သူက ဘောလုံးပွဲတွေကို စိတ်မဝင်စားဘူးလို့ ပြောထားတာကိုး”





“ဒိုလေးကိုတောင်မှ မသိဘူးလားကွာ”

“မသိဘူးကွ”

“အဲဒီလို မသိလို့ ငါရှုံးခဲ့တဲ့အကြောင်းကို ပြောပြချင်နေတာ ပြောချင်နေတာ၊ သိတဲ့ကောင်တွေ ရှုံးပြီး ဘာမှမသိတဲ့သူတွေ နိုင်သွားတာကို ပြောချင်တာ”

“ဩော်… ဒါဆို မင်းက သူနဲ့ လောင်းလိုက်သေးတယ်ပေါ့”

“အေး”

“သူက ဘာမှမသိတာ ဘယ်လိုလောင်းတာလဲ”

“သူ့ပုံစံက ပိန်ပိန်သွယ်သွယ်လျှလျှကလေး၊ သူ့မှာ အောက်နှုတ်ခမ်းထူတာလေးကလွဲပြီး ဘာမှမရှိဘူး။ ဒါပေမယ့် ပိုက်ဆံတော့ရှိတယ်။ သူနဲ့ ငါနဲ့ ကတိထားမိသွားတာက ဒီလိုကွာ…”

ပွား၏စကားကို အားလုံးက အာရုံစိုက်လိုက်ကြသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

# နာမည်ကြီးတွေ လွဲတဲ့ည (၂)

www.burmeseclassic.com

www.burmeseclassic.com



"လမ်းပတ်က မန်ယူဘက်ကို ခြေတစ်လှမ်း အသာကလေးရတာကို အသုံးချပြီး ချယ်လ်ဆီးက ပြန်ထည့်သွားတော့လည်း ငါ အော်မိတာပါပဲ။ ဗန်ဒါဆားလည်း ဘာမှမတတ်နိုင်ဘူးပေါ့ကွာ"

ပွားအာမက်က သူ့စကားပိုက်ကွန်ထဲတွင် မိနေပြီဖြစ်သော နီနှင့် ရှောင်ကို လက်သီးလက်မောင်းတန်း၍ ပြောသည်။ အမှန်တော့ နီနှင့် ရှောင်က ပွားကြီးကို သိပ်စိတ်ဝင်စားတာ မဟုတ်ကြပါ။ သူတို့ စိတ်ဝင်စားတာက ဂျင်းဘောင်းဘီ သရီးကွာတားကလေးနှင့် သွယ်သွယ်လျလျ ကလေးကိုပဲ ဖြစ်သည်။

"အဲဒီတော့ သူက ဘာပြောလဲ"

ပီတာရှောင်က စိတ်မရှည်တော့သလို ပုံစံမျိုးနှင့် မေးသည်။

"ဟီ... ဟိ... တဲ့"





"ဘာ..."

"ဟီ... ဟိ ပါဆိုနေမှ သူက အဲဒီလိုပဲရယ်တယ်... ဟီဟိတဲ့။ ငါလည်း သူ့ကို တစ်ချက်ပဲ လှမ်းကြည့်နိုင်တာပေါ့ကွာ။ TV ထဲမှာပေါ်နေတာက တစ်ကမ္ဘာလုံးကီစွလေ မဟုတ်ဘူးလား။ ငါကြည့်တဲ့အချိန်မှာ ပထမပိုင်းက ပြီးသွားပြီ"

"သူက မပြန်ဘူးလား"

"မပြန်ဘူးကွ၊ သူ သီချင်းဆိုလို့ရပြီလားလို့ ငါ့ကိုမေးတယ်၊ ငါကလည်း ဘာပြောရမှန်းမသိဘူးကွာ၊ သူက မိန်းကလေးဆိုတော့ အားနာတယ်ကွာ"

"နေစမ်းပါဦး သူက ဒီလောက် တစ်ကမ္ဘာလုံး ပြဿနာတက်နေတဲ့ ဘောလုံးပွဲကို စိတ်မဝင်စားဘူးတဲ့လား"

နီက ဒေါသတကြီးဖြင့် ပြောသည်။

"စိတ်မဝင်စားလို့ပေါ့ကွာ"

"ပင်းကရော ပြောမပြဘူးလား"

ရှောင်က ခပ်တည်တည်ဖြင့် ဝင်ဟောက်၏။

"ပြောပြတာပေါ့။ ချယ်လ်ဆီးအကြောင်းရော မော်ရင်ဟို အကြောင်းရော၊ ဂရန့်အကြောင်းရော။ ငါတို့ ယောက်ျားလေးဆိုတာက ကိုယ်ပြောချင်တာပြောရပြီဆိုရင် ဘာကိုမှ သိပ်ဂရုစိုက်တာမှ မဟုတ်တာ။ သူကတော့ သူ့အောက်နှုတ်ခမ်းထူထူကလေးကို အပေါ်သွားကလေးနဲ့ ဖိကိုက်ထားပြီး သရီးကွာတားထဲ ခြေထောက်ဖြူဖြူ ဖောင်းဖောင်းကလေးနှစ်ဖက်ကို လှုပ်ရင်း နားထောင်တယ်ကွ သိလား"

"တော်ပြီ... တော်ပြီ၊ သူက ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ပွားကြီး ပြောတာကို မျက်စေ့ထဲမှ ပုံဖော်ကြည့်ရင်း နီက မနာလိုစိတ် ပြင်းစွာဖြင့်မေးသည်။ သူတို့က အဲဒီနေ့ညက ရှိုးရုံမှာ ချွေးတလုံးလုံးဖြင့် အိပ်ရေးပျက်ခံနေရတုန်းမှာ ပွားကြီးက သွယ်သွယ်လျလျ တေိမကလေးတစ်ယောက်နဲ့ ဘောလုံးပွဲကြည့်လို့တဲ့။ ပြီးတော့ တေိမလေးက သရီးကွာတားထဲက သူ့ခြေသလုံး ဖြူဖြူဖွေးဖွေးကလေးတစ်စုံကို လှုပ်လို့တဲ့။ ဒီတော့ နီနှင့် ရှောင် စိတ်တိုခြင်းသည် မှန်ကန်သော စိတ်တိုခြင်းသာ ဖြစ်ပါသည်။

"သူက ဘာပြောသလဲဆိုတော့"

ပွားကြီးက ထုံးစံအတိုင်း နှုတ်ခမ်းမွေးကိုသပ်သည်။ နီနှင့်ရှောင်က စိတ်မရှည်ချင်တော့သော်လည်း သူပြောမှ သိရတော့မှာမို့ စိတ်ရှည်ရှည် ကလေး ထားလိုက်ကြရ၏။

"ဟီ... ဟီ... တဲ့"

"ဟာကွာ... မင်းဟီဟီက လွန်လွန်းပြီထင်တယ်"

နီက ဒေါသတကြီးပြောသည်။ ဟုတ်တယ်လေ၊ ဒီလိုအချိန်မျိုးမှာ "ဟီဟီ"ဆိုတာကြီးကတော့ ဘယ်မိန်းကလေးကမှ ပြောမှာမဟုတ်ဟု ထင်သည့်အတွက် နီ ဒေါသသံပါသွားခြင်းဖြစ်၏။ ပွားကြီးကလည်း ဒေါသတကြီးဖြင့် ပြန်အော်သည်။

"သူက ဟီဟီပဲပြောတာကို ငါက ဘာပြောရမှာလဲ"

"ကဲပါကွာ...ဆက်ပြောစမ်းပါ"

ရှောင်က ဝင်ဖြန်ဖြေပြီး ဘာဆက်ဖြစ်သလဲဆိုတာကို သိချင်စိတ်ဖြင့် မေးသည်။ စကားဝိုင်းက ခဏတိတ်သွားကြသည်။ ပြီးတော့မှ ပွားကြီးက သက်ပြင်းချရင်းပြော၏။





"တကယ်တော့ ဒီပွဲဟာ 'ဟီဟီ'နဲ့ပဲ ငါ ရှုံးခဲ့တဲ့ပွဲပါကွာ၊ ဒုတိယပိုင်း တစ်လျှောက်လုံး ချယ်လ်ဆီးကပဲ ဖိထားတယ်ဆိုတာကို မင်းတို့သိမှာပါ။ မန်ယူက ကွင်းလယ်ပိုင်းတစ်ပိုင်းလုံး ချယ်လ်ဆီးလုပ်သမျှ ခံနေရတာ ရော်နယ်ဒိုရော ရွန်နီရော နောက်တန်းအထိ ဆင်းပြီးကန်နေရတာ မဟုတ်လား"

"ဟီ...ဟီ ကို ပြောကွာ"

"သူကတော့ ထုံးစံအတိုင်းပါပဲ။ သရီးကွာတားထဲက ခြေထောက် ဖြူဖြူ ဖောင်းဖောင်းကလေးကိုလှုပ်လို့။ ပြီးတော့ ပြုံးနေတာပဲ"

"အဲဒါထားတော့ကွာ"

နီက မနာလိုသလို ဝင်ပြော၏။

"ချယ်လ်ဆီးက ဒရော့ဂ်ဘာလည်း ဘာမှမဖြစ်ဘဲ သုံးခါလောက်လဲ တာလဲ"

"ပင်နယ်တီတောင်းတာပဲ။ တကယ်ဖြစ်လို့လဲတော့လည်း ပင်နယ်တီ တောင်းတာပဲ... ဒီတော့က အစကတည်းက ဒါမျိုးလုပ်နေကျပဲဟာ ဟိုဟာကို ပြောကွာ"

ပွားကြီးက ခေါင်းကိုကုတ်သည်။ သူက ဘောလုံးပွဲအကြောင်းကို ပြောချင်သည်။ တေိနှစ်ကောင်စလုံးက 'ဟီဟီ' အကြောင်းကိုပဲ ကြားချင် နေကြသည်။ ကဲ ရှိစေတော့ဟုပဲ စိတ်ထဲမှာထားလိုက်ရ၏။ ပွားကြီး ဆက်ပြောသည်။

"ဒုတိယပိုင်း ပြီးသွားတော့ သူက ပြီးပြီပေါ့နော်လို့ ပြောတယ်ကွ။ ဒါနဲ့ ငါကလည်း ဘာမှနားမလည်တဲ့ မိန်းကလေးကို ရှင်းပြရတော့ပေါ့၊ ဒီတော့လည်း သူက ပြုံးရင်း 'ဟီဟီ'ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပို ဆက်အားပေးပေမယ့် သူကတော့ ခြေထောက်ကလေး နှစ်ချောင်းကို လှုပ်နေတာပါပဲ"

"အဲဒီခြေထောက်အကြောင်း မပြောနဲ့ကွာ"

နီက ဒီတစ်ခါတော့ တော်တော်ကလေး စိတ်ဆိုးသောအသံဖြင့် ကန့်ကွက်ပြောဆိုခြင်းဖြစ်သည်။

"ထားတော့ကွာ... အချိန်ပို မိနစ်သုံးဆယ် ပြီးသွားတော့ ငါတို့ ရင်ခုန်ပြီပေါ့။ ပင်နယ်တီကန်မှာလေ။ ဒီတော့ ငါက သူ့ကို ထွက်မသွားအောင် ရှင်းပြပြီး ထားရတယ်။ သူကတော့ ပြုံးရင်းနဲ့ ခေါင်းကိုညိတ်ရှာပါတယ်။ ပြီးတော့ မေးတာက ပင်နယ်တီကန်တယ်ဆိုတာ ဘာလဲတဲ့"

"အာ...!"

ဒီတစ်ခါတော့ နီရော ရှောင်ရော ခေါင်းကိုကုတ်ကြရ၏။ ဘယ်နဲ့ ပင်နယ်တီကန်တယ်ဆိုတာ ဘာလဲ ဆိုတာကိုပင် မသိသော မိန်းကလေးနှင့်မှ ဘောလုံးပွဲအတူတူ ကြည့်ခဲ့ရသော ဖွားကို တော်တော်ကလေး မနာလိုဖြစ်သွားခဲ့ကြသည်။

"ဒါဆို... တစ်ယောက်ချင်းစီ ကန်ရမှာပေါ့တဲ့။ ငါကလည်း ဟုတ်တယ်ပေါ့ကွာ။ ချယ်လ်ဆီးက စကန်ရတော့ ဗန်ဒါဆားကြီးက ကက်ကြီးနှစ်ဖက်မြှောက်ပြီး ကာကွယ်တော့... သူက ဟီဟိဆိုပြီး ရယ်တယ်၊ ပြီးတော့ ပေါတယ်နော်တဲ့"

"မဟုတ်သေးပါဘူးကွာ"

ရှောင်က စိတ်ပျက်သလိုမျိုး ဝင်ပြောသည်။ အမှန်ကတော့ သူ တော်တော်လေး စိတ်ဝင်စားနေပြီဖြစ်သည်။ အောက်နှုတ်ခမ်းဖူးဖူးကလေးကို အပေါ်သွားကလေးတွေနဲ့ ကိုက်ထားပြီး သရီးကွာတား ဂျင်းဘောင်းဘီထဲက





ခြေထောက်ဖြူဖြူဖွေးဖွေးကလေး နှစ်ခုကို ထုတ်ပြီးလှုပ်နေတဲ့ တဟီဟိလည်း ရယ်သေးတဲ့ ပင်နယ်တီဆိုတာကိုလည်း မသိတဲ့ ကောင်မလေး။ ပြီးတော့ ညကြီးမင်းကြီးလည်း သီချင်းကလာဆိုလိုက်သေးဆိုတော့ ရှောင်က အဲဒီ ကောင်မကလေးကို သူကိုယ်တိုင်ပင် တွေ့ချင်နေမိသည်။

"သူက ပေါတယ်နော်လို့ ပြောတာကို ငါက ဘာတတ်နိုင်မှာလဲ"

"ဆက်ပြောကွာ"

နီကတော့ ပုံမှန်လေနှင့်သာ ပြောသည်။

"တစ်ဖက်နှစ်လုံးစီဝင်ပြီးတော့ တတိယအလုံးကို ကန်မယ့်သူက ဒိုကလေးကွာ ဒီတော့ ငါလည်း အော်မိတာပေါ့။ အဲဒီတော့ ငါကလည်း ဒိုကလေးဆိုတာ ကမ္ဘာ့တတိယအကောင်းဆုံး တိုက်စစ်မှူးလို့ပြောတော့ သူက 'လွဲမှာပဲ'တဲ့။

"တကယ်လား"

"တကယ်ပါကွာ... ဒီတော့ ငါလည်း ဒေါကန်သွားတာပေါ့။ မလွဲပါဘူးဆိုတော့ တစ်သောင်းကြေး ကတိထားမလားတဲ့။ ငါ့ပေါင်ကို ပုတ်ပြီးပြောတယ်။ ဟိုမှာ ဒိုလေးကလည်း ဘောလုံးကို တည်နေပြီ၊ ငါက သူ့ဆီက ဘာမှမလိုချင်ပါဘူး။ အခုလို အတူတူကြည့်ရတာကိုပဲ ဝမ်းသာလှပြီ။ သူက ထပ်ပြောတယ် အဲဒီကောင်က နာမည်ကြီးလားတဲ့ ငါကလည်း 'အေး'လို့ပြောတော့။

"ဒါဆိုရင် တစ်သောင်းကြေး ကတိထား"

"ငါက မလောင်းချင်ဘူးနော်၊ နင် နာသွားမှာပေါ့"

"အို... ဦးကလည်း ကတိထားတာပါဆို ဟီဟိ"

"ကဲ... ဟုတ်ပြီဆိုပြီး ပြောတုန်း ဒိုကလေးက ကန်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လွဲသွားပါရော်ဗျာ"

"ထားကွာ သူက ဘာပြောလဲ"

"တစ်နိုင်ငံလုံး အသည်းကွဲတာပေါ့။ သူကတော့ ဟီဟိတဲ့"

"ကတိတည်ရမယ်နော်"

"တည်ပါတယ်ကွာ တည်ပါတယ်"

ပွားကြီးက နှစ်ယောက်ပြောသည့်စကားကို တစ်ယောက်တည်း ပြန်ပြောပြနေတာကို နီနှင့် ရှောင်က ငေးနေရသည်။

"ပြီးတော့ရော ဘာပြောသေးလဲ"

"ဟီ... ဟိ... တဲ့"

❒



# နာမည်ကြီးတွေ လွဲတဲ့ည (၃)

www.burmeseclassic.com

www.burmeseclassic.com



ရှောင်နှင့် နီ နှစ်ယောက်စလုံးက ပွားကြီး၏ "ဟီ...ဟိ"ကို တော်တော်လေး မကျေမနပ်ဖြစ်လာကြပြီဖြစ်သည်။

သို့သော်လည်း ဖြစ်ခဲ့သည့်ကိစ္စက မှန်နေသဖြင့် ဘာတစ်ခုမှ ဝင်မပြောသာကြပါ။ လူဆိုတာက ကောင်းစားသည်ဆိုလျှင် ကိုယ်ပဲဖြစ်ချင်သည့်စိတ်ကလေးတော့ လူတိုင်းမှာရှိကြပါသည်။ ယခု ရှောင်နှင့် နီတို့က ပွားကြီးကို ကောင်းစားနေသည်ဟု ထင်သည်။ အမှန်တော့ ဘယ်လောက်မိသည့် မိန်းကလေးနှင့် တွဲရတွဲရ အမြင်မှာသာ ကောင်းစားပြီး ခံစားချက်တွင်တော့ ဆိုးရွားသောအဖြစ်တွေ ရှိတတ်သည်။

ထိုအဖြစ်ကို ပွားကြီးက ပြောနေခြင်းဖြစ်၏။

"မင်း ဟီဟိကို ရပ်လိုက်တော့ကွာ၊ ပြီးတော့ ဘာဆက်ဖြစ်လဲ"





ရှောင်က နည်းနည်း အကဲဆတ်သော လေသံနှင့်မေးသည်။

ဟုတ်တယ်လေ ပွားကြီး၏ ဇနီးက ဝဝဖိုင့်ဖိုင့် စကားကလည်း လေးလုံးကွဲအောင် မပြောတတ်၊ ပွားကြီး ဘာပြောပြောယုံတဲ့ စေတပါတီ ကုလားမကြီးဖြစ်သည်။ သဘောကတော့ကောင်းသလားမမေးနှင့်။ သူ့ယောက်ျား ပြောသမျှ အကုန်ယုံသည်။ သူ့ယောက်ျားနှင့် ပါလာသူတွေ ပြောသမျှလည်း အကုန်ယုံသည်။ ပွားကြီးကတော့ သူ့မိန်းမမှာ ကောင်းတာဆိုလို့ သားတွေချည်းပဲ ငါးယောက်မွေးပေးထားတာပဲ ရှိသည်ဟုဆိုသည်။

ထားပါတော့။

အဲဒီလို ပွားကြီးက အခု... ဂျင်းဘောင်းဘီ သရီးကွာတားကလေး ဝတ်ထားသော ညဘက် ကာရာအိုကေကို တစ်ယောက်တည်းလာဆိုသည့် ဇေတီမကလေးနှင့် ဥရောပတိုက်၏ အကြီးအကျယ်ဆုံး Champions League Final ပွဲကို ကြည့်ခွင့်ရသည်ဆိုတော့ စိတ်ထဲမှာ ဘာကိုမှန်းမသိ နမြောနေကြတာ သေချာသည်။ ထို့ကြောင့် အကြောင်းသိချင်း ရှောင်က လေသံနည်းနည်း အကဲဆတ်ခြင်းသာဖြစ်သည်။

"နောက်တစ်ယောက် ကန်တယ်ကွာ နာမည်မရှိဘူး၊ နောက်တန်းက ကောင်ထင်ပါရဲ့၊ ဒါနဲ့ ငါက ကတီထားမလားဆိုတော့ သူက..."

"ဘာပြောလဲ"

"ဟီဟိတဲ့"

"တော်ကွာ"

"မဟုတ်ဘူးကွ၊ ဒီကောင် နာမည်ကြီးလားတဲ့၊ ငါကလည်း လိမ်ရင် ရရဲ့သားနဲ့ မိန်းကလေးဆိုရင် ရုတ်တရက် လိမ်ဖို့စဉ်းစားရတာနဲ့ မဟုတ်ဘူးဆိုတော့ သူက မထားဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်..."

"ကန်တော့ ဝင်သွားတယ်ပေါ့ကွာ၊ မန်ယူ မျက်ဖြူစိုက်နေတာပေါ့၊ ချယ်ကြီးဘက်က ကန်တော့ ငါ မျက်လုံးကို ပြူးနေတာလေ လွဲသွားရင် မန်ယူဘက်က သက်သာမှာ မဟုတ်လား၊ သူတစ်လွဲ ကိုယ်တစ်လွဲပေါ့။ ဒါပေမယ့် ဝင်သွားတော့ ငါ ယူတဲ့အသင်းမို့ ဝမ်းတော့နည်းနည်းသာတာ ရှိတယ်ပေါ့ကွာ၊ နောက် မန်ယူ ကန်တော့လည်း ဝင်တယ်ကွာ"

"အဲဒါတွေ မပြောနဲ့တော့ကွာ အဲဒီကောင်မလေးကရော အဲဒီအချိန်မှာ ဘာတဲ့လဲ"

"ဘာမှမဟုတ်ဘူးကွ နာမည်ကြီးလားလို့မေးပြီး ငါက မဟုတ်ဘူးဆိုရင် သူ့ခြေထောက်ဖြူဖြူဖောင်းဖောင်းကလေး နှစ်ဖက်ကို လှုပ်နေတာပဲ"

"မဟုတ်သေးဘူးကွာ"

နီက မကျေမနပ်သံဖြင့် ပြောခြင်းသာဖြစ်ပါသည်။ ပွားကြီးနေရာတွင် သူသာဆိုလျှင်ဟု... ရင်ထဲက မကျေမနပ်သံဖြင့် ပြောခြင်းသာဖြစ်ပါသည်။

"ဟုတ်ပါတယ်ကွာ... ဟုတ်လို့ ငါ ဒုက္ခရောက်ရတာပေါ့၊ ငါးလုံးမြောက်မှ တယ်ရီက ကန်ရောကွာ။ ကဲ... ဒီအလုံးဝင်တာနဲ့ ဂရန့်လည်း ထောပြီ... အေဘရာမိုဗစ်ချ်လည်း ငွေကုန်ရကျိုးနပ်ပြီ။ မော်ရင်ဟိုလည်း သိက္ခာကျပြီ... ငါတို့ မန်ယူသမားတွေလဲ..."

"တော်ပြီ... သိပြီးသားတွေကွာ၊ ဆက်ပြော"

မန်ယူသမား ရှောင်က လေသံပျော့ပျော့ကလေးနှင့်သာ ပြောသည်။ သူတို့အားလုံးက ဘောလုံးပွဲ ရလဒ်တွေကို သိပြီးသားမို့ ဟို... ဟီဟိ ကလေးကိုပဲ အာရုံထားနေကြတာဖြစ်သည်။





"ကဲ... တယ်ရီ... ဝင်လာရောကွာ၊ လက်မောင်းက အသင်းခေါင်းဆောင်လက်ပတ်ကိုတောင် အပေါ်ကို ဆွဲတင်လို့... ဒီတော့ ငါကလည်း လက်ခုပ်တီးလိုက်တာပေါ့... သူ့ကိုတောင် မေ့နေတယ်။ အဲဒါမှာ သူက ပေါင်ကိုပုတ်ပြီး မေးတယ်"

"အဲဒါ မပြောနဲ့ကွာ၊ မင်းကို ဆင်ဆာဖြတ်တယ်၊ ပြောစရာရှိတာကို ရိုးရိုးပဲပြော"

နီက တော်တော်လေးကို တင်းမာသောလေသံနှင့်ပြောသည်။ ဟုတ်သည်လေ သူက ပရီးမီးယားလိဂ် Final ပွဲကို တစ်ယောက်တည်း ကြည့်ခဲ့ရပြီး Champions League Final ပွဲကျမှ ပွားကြီးက သရီးကွာတားဝေတီမကလေးနှင့် ကြည့်ရသည့်အချိန်မှာ သူတို့က ရိုးရုံမှာ ပိုက်ဆံကောက်၊ မီးစက်ဖွင့် လုပ်နေရတာမဟုတ်လား။ ဒီတော့...

"သူက တစ်ကယ်ပုတ်တာပါကွာ၊ ငါ မညာပါဘူး အဲဒါ ဘယ်သူလဲတဲ့။ ငါက တယ်ရီဆိုတော့ နာမည်ကြီးလားတဲ့"

"အာ... ချယ်လ်ဆီးအသင်းရဲ့ ခေါင်းဆောင်ပေါ့။ နင်က ဒါတောင် မသိဘူးလား၊ ဒါကန်လို့ဝင်ရင် ပြီးပြီ"

"ဟီဟိ မသိလို့မေးတာပေါ့၊ နာမည်ကြီးဆိုရင် လွဲမှာပဲ၊ တစ်သောင်းကြေးပဲ ကတိထားမလား"

"နင်... ဟာ..."

"ဟီဟိ၊ ဟိုမှာ ကန်တော့မှာနော်၊ ကတိထားမလား စိန်ခေါ်တယ်"

"ကဲ... ထား..."



www.burmeseclassic.com

www.burmeseclassic.com

# နာမည်ကြီးတွေ လွဲတဲ့ည (၄)

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တယ်ရီကန်လိုက်သော ဘောလုံးက လွဲသွား၏။ ပွားကြီးက "ကဲ... ထားတယ်ကွာ" ဆိုသောစကားပင် မဆုံးလိုက်။ တစ်နိုင်ငံလုံးတော့ ဘာတွေဖြစ်ကုန်ပြီလဲ ပွားကြီးလည်း မသိ။ သူ့ရှိုးရုံမှာလည်း ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ မသိ။ ငတီမကလေးကတော့ 'ဟီဟိ' ဆိုပြီး သူ့ခြေထောက် ဖြူဖြူဖောင်းဖောင်းကလေးတွေကိုသာ လှုပ်၍နေသည်။

ပွားကြီးခမျာ ပေးမိသော ကတိအတွက် ကတိကြေးပေးလိုက်ရ၏။

"ပြန်တော့မယ် ပြီးပြီပေါ့နော်"

"မဟုတ်ဘူး၊ သုံးလုံးစီ ထပ်ကန်ရဦးမှာ"

"ပြီးပြီဆို"

"ရော်နယ်ဒိုလည်း မဝင် တယ်ရီလည်းမဝင် ငါးလုံးမှာ တစ်လုံးစီ





မဝင်တော့ လေးလုံးစီနဲ့ သရေကျနေတာပေါ့ဟာ၊ သွင်းဂိုးနဲ့ဆိုရင်တော့ ငါးလုံးစီ သရေပေါ့။ ကဲ... နင် ကြွချင်ရင်လည်း ကြွပါတော့ဟာ ကြွတော့"

ပွားကြီးက ဒီတစ်ခါတော့ ဒေါသတကြီး နှင်ခြင်းဖြစ်သည်။

ယောကျ်ားများ ဒေါသထွက်သည့်အချိန်တွင် မိန်းကလေးများက ပြုံးပေးနေလျှင် ထိုဒေါသသည် ဘယ်ကိုရောက်သွားမှန်းမသိ ဖြစ်တတ်သည်။ အခု ထိုငတီမကလေးက ပြုံးယုံတင်မဟုတ်။ ဟီဟိဆိုတော့၊ ပွားကြီးဒေါသက အဟောသိကံ ဖြစ်သွား၏။

"ဟီ... ဟိ... ဒီလိုပဲ ဆက်ကန်ဦးမှာလား"

"ဟုတ်တယ် သုံးလုံးကန်ရမှာ"

"ဒါဆိုနေမယ်"

ထိုအချိန်မှာပင် မန်ယူက ကန်လိုက်သော ဘောလုံးက ဝင်သွားသည်။ ပြီးတော့ ချယ်လ်ဆီးကလည်း ဝင်၏။

"နှစ်လုံးရှိသွားပြီနော်"

"မဟုတ်ဘူး၊ ဒါ တစ်ဖက်ကို တစ်လုံးပဲ ရှိသေးတယ်"

"ကဲ... အခုကန်မယ့်လူကို ကတိထားမလား"

"နာမည်ကြီးလား"

"သိပ်မကြီးဘူး"

"ဒါဆို နိုး"

ကန်တော့ ဝင်သွားသည်။ ပွားကြီးက မကျေမနပ်နှင့် ငဲ့ကြည့်တော့ ထုံးစံအတိုင်းပြုံးရင်း သူ့သရီးကွာတား ဘောင်းဘီထဲက ခြေထောက် ဖြူဖြူဖောင်းဖောင်းကလေး တစ်စုံကိုသာ လှုပ်၍လှုပ်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်လုံးမြောက်သော ဘောလုံးကို ချယ်လ်ဆီးမှ ပွဲပြီးကာနီး ဝင်လာသော အနယ်လ်ကာက ကန်ဖို့ ကင်မရာတွေက ရိက်ထားပြီးတော့ ပွားကြီးလည်း လက်သီးလက်မောင်းထတန်း၏။ တစ်ကွင်းလုံးကလည်း ပွားကြီးလိုပဲ ဖြစ်နေတာကို တစ်ကမ္ဘာလုံးက သိပါသည်။

"နာမည်ကြီးလား"

"ဟာ... အနယ်လ်ကာလေကွာ၊ ချယ်လ်ဆီးကို ဒီနှစ်မှ ရောက်တာ"

"အဲဒါတွေ မသိချင်ဘူး၊ နာမည်ကြီးဆို တစ်သောင်းကြေး ကတီထား"

"အေး ထားတယ် နင် နာပြီသာမှတ်"

လွဲ၏။

"ဟီဟိ..."

ငတီမလေးက လက်ညှိုးကလေးတစ်ချောင်းကိုသာ ကွေးချည်ဆန့်ချည် လုပ်၍ပြသည်။ ပွားကြီး နလုံးသား ကွဲသွားသဖြင့် ခဏငြိမ်နေ၏။

မန်ယူဘက်က တစ်ယောက် ဘောလုံးကိုတည်ဖို့ စိတ်ကြိုက်ညှိနေသည်။

"ကတီထားမလား"

"ဒီကောင်က ခုနကလိုပဲ နာမည်ကြီးလား"

"မကြီးဘူး"

"ဒါဆို နီး"

ထိုဂိုးက အေးအေးဆေးဆေး ဝင်သွားသဖြင့် မန်ယူတွေ အောင်ပွဲခံသောည ဖြစ်သွားသည်။ ရော်နယ်ဒိုကတော့ ကွင်းထဲမှာ မှောက်ပြီး ငိုနေ၏။ ပွားကြီးကတော့ သူ့ကတိစကားအတိုင်း ကျသင့်ငွေကို ရေတွက်နေရ





သည်။

"မင်း တကယ် ဘောလုံးပွဲကို ကိုယ့်လို စိတ်မဝင်စားတာလား"

"ဟီဟိ... ကဲ..."

လက်ညှိုးကလေးကို ကွေး၍ကွေး၍ ပြနေသဖြင့် သူ့ကတိစကားအတိုင်း ကတိတည်လိုက်ရသည်။

"မင်း... နောက်နေ့ သီချင်းလာဆိုဦးမှာလား"

"နီး"

"ကိုယ်က ဒီဆိုင်ပိုင်ရှင်ပါကွာ။ မင်း သီချင်းဆိုမယ်ဆိုရင်"

"နီး... ကြက်တွေတောင် တွန်နေပြီ၊ လေးနာရီလည်း ကျော်နေပြီ၊ အိပ်ချင်တယ် ပြန်တော့မယ်နော်"

"ကိုယ့်မှာ ကားပါတယ်၊ လိုက်ပို့ပေးမယ်လေ"

"ဟီ... ဟိ"

"တကယ်ပြောတာပါကွာ၊ ကိုယ့်ကား အောက်မှာရှိပါတယ်။ ဒီမှာ ကားသော့"

"ဟီဟိ..."

ပွားကြီးက စကားကို ရပ်ပစ်လိုက်သဖြင့် နီနှင့် ရှောင်တို့ ဟ,ထားသော ပါးစပ်တွေက ထိုအတိုင်း ရုတ်တရက် ကျန်ခဲ့ကြသည်။

"အဲဒီတော့..."

"သူက လစ်သွားတာပေါ့"

"မင်းကလည်း မင်းက ဒီဆိုင်ပိုင်ရှင်ပါဆိုတာ ပြောတာတောင်မှ သူက မယုံဘူးလား"

"ဟီ... ဟိ... တဲ့"



www.burmeseclassic.com

www..burmeseclassic.com



"သူ့နာမည်ကိုရော မင်း မမေးဘူးလား"

"မမေးမိဘူးကွာ"

"မင်းက အရူးပဲ"

"ဟုတ်တယ်၊ ငါ့နားထဲမှာ အခုထိ ကြားနေတာကတော့..."

"ဘာလဲ"

"ဟီ... ဟီ"

▢




# ယူရိ 'ရင်ခုန်'



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



နီ၊ ရှောင်နှင့် ဖွားတို့ သုံးယောက်သည် သူတို့လက်ထဲက ဘီယာခွက်တွေကို မြှောက်၍ ခွက်ချင်းထိကာ 'ချီးယားစ်'ဟု အော်ရင်း တို့စ်လုပ်လိုက်ကြသည်။

သူတို့ မောခဲ့ပါပြီ။

မယ်တော်နှင့်လည်း တွေ့ခဲ့ရပြီ။

ဘောင်ချာလည်း အဖြတ်ခံခဲ့ရပြီ။

အတောင့်ဆုံးကြီးကိုလည်း ကြုံခဲ့ရပြီ။

'ဟီဟိ' ကလေးနှင့်လည်း ဆုံခဲ့ရပြီ။

ပရီးမီးယားလိဂ်နှင့် အက်ဖ်အေဖလားသည် သူတို့သုံးယောက်စလုံး၏ ဘဝကို အမှတ်တရပင် ဖြတ်သန်းသွားခဲ့၏။

ဒီတော့ သူတို့ ဘီယာ 'ည'ကလေးဖြင့် ထိုအမောတွေကို ဖြေ





သည်။

"ရှောင်၊ မင်းရဲ့ မန်ယူရှုံးတဲ့ညအကြောင်းကို ပြောကွာ"

"အာ... အဲဒါ ပြီးသွားပြီ၊ ခေတ်မမီတော့ဘူး။ အခု EURO 2008 အကြောင်းပဲ ပြောတော့မယ်"

"အေး... အဲဒါလည်း ဟုတ်ပါတယ်ကွာ၊ ငါတို့က အသင်းတွေ ဘာတွေ ရွေးရဦးမှာလား"

"ဟောကောင် ဖွားကြီး အသင်းမဟုတ်ဘူးကွ၊ နိုင်ငံ... နိုင်ငံ"

သူငယ်ချင်းသုံးယောက် အားရပါးရ ရယ်လိုက်ကြပြီး လက်ထဲက ဘီယာခွက်တွေကို ပြိုင်တူစုပ်လိုက်ကြသည်။

"အား... မင်းက ဘယ်နိုင်ငံကို ကြိုက်သလဲ နီ"

ရှောင်က ဘီယာခွက်ကို ချရင်းမေးသည်။

"ငါကတော့ ချက်ပဲ ကြိုက်တယ်ကွာ"

"ဟောကောင် မင်း!"

"ဘာဖြစ်တာလဲ ရှောင်ရဲ့၊ ငါက အုပ်စု (က)က ချက်နိုင်ငံကို ပြောတာပါ ဟီဟိ"

'ဟီဟိ'ဟု နီက ရယ်လိုက်တော့ ဖွားကြီး တွန့်၍သွား၏။

"မင်းက နိုင်ငံရွေးတာတောင်မှ နှာဘူးစိတ် မပျောက်ဘူး။ အေး ဒါဆို ငါကလည်း အတောင့်ဆုံးကြီးကိုပဲ ရွေးတယ်ကွာ"

"ဘာလည်းကွ၊ အတောင့်ဆုံးကြီးဆိုတာက ဟိုဟာက ကောင်မလေးပဲ၊ မင်းလည်း နှာဘူးပဲဖွားကြီး"

ရှောင်က ဒေါသနှင့်ပြောသည်။

"ရှောင်ကလည်းကွာ၊ အတောင့်ဆုံးကြီးဆိုတာ အုပ်စု (ခ) က

www.burmeseclassic.com



ဂျာမနီကိုပြောတာပါ။ ကဲ… မင်းကရော ဘာလဲ ရှောင်ပီတာ"

"ငါကတော့ ကိုယ့်ဘဝကို ကိုယ်ပြန်ပြင်ရမယ့်လူဆိုတော့ ပြင်ရင် သစ်မှကြိုက်တဲ့ ပြင်သစ်ကွာ။ အုပ်စု (ဂ)က ပြင်သစ်"

"ငါတို့ ကတိထားကြဦးမှာလား"

"အုပ်စုပွဲကနေ တို့အကြိုက်ဆုံး အသင်းတွေ လွတ်လာတော့မှ ပဲ၊ ကတိထားကြတာပေါ့ကွာ။ အခုတော့ ကိုယ့်နိုင်ငံပဲ ကိုယ်အားပေးကြပေါ့"

"မြန်မာနိုင်ငံမပါတာတော့ နာတယ်ကွာ"

"မင်းကလည်း အင်္ဂလန်လည်း မပါပါဘူးကွ"

"သူက ရှုံးလို့မပါတာလေ"

"အေး… အဲဒီတော့ ပိုအရှက်ကွဲတာပေါ့၊ ငါတို့မြန်မာကတော့ အေးဆေးပဲ ဟီဟိ"

နီနှင့် ရှောင် စကားများသည့်ပွဲသည် 'ဟီဟိ'နှင့် အဆုံးသတ်၍သွား၏။

"အုပ်စုပွဲကနေ ငါတို့အသင်းတွေ လွတ်လာရင်…"

ပွားကြီး၏စကားကို နီက သူ့လက်ထဲက ဘီယာတွေကို အကုန်ကစ်ပစ်လိုက်ရင်းပြောသည်။

"အဲဒီကျတော့မှ ကတိထားကြတာပေါ့"

"အဲဒီကတိက ဘာနဲ့ထားကြမှာလဲ"

"အဲဒီတော့မှပဲ စဉ်းစားကြတာပေါ့၊ ဒီတစ်ခါတော့ အရင်ကတိလို မဟုတ်ဘဲ တစ်မျိုးစဉ်းစားကြမယ်ကွာ"

"ဟုတ်ပြီလေ"





ပွားကြီးကလည်း သူ့ဖန်ခွက်ထဲက ဘီယာကို ကစ်ပစ်လိုက်၏။

ရှောင်ကတော့ သူ့ဖန်ခွက်ထဲက ဘီယာကို မကစ်သေးဘဲ စိုက်ကြည့်နေရင်း နီနှင့် ပွားကို တစ်ချက်ကြည့်သည်။

ပြီးတော့မှ သူ့ခန္ဓာကိုယ်ကို တစ်ချက်ပြင်ရင်း…

"ကဲ… ဒါဆို ငါတို့ဆုံကြတဲ့ ဒီနေ့ညကို ဘယ်လိုခေါင်းစဉ်တပ်မှာလဲ"

ရှောင့်မေးခွန်းကြောင့် နီနှင့် ပွားလည်း ဦးနှောက်ထဲမှာရှိသည့် စကားလုံးတွေကို အပြေးအလွှား စဉ်းစားကြသည်။

ဟုတ်ပါသည်။

သူတို့သုံးယောက်စလုံး စကားလုံးနှင့် ဖွဲ့စည်းထားမည်ဖြစ်သော ထိုနာမည်ကို စိတ်ဝင်တစားနှင့် စဉ်းစားကြသည်။

"ယူရို ရင်ခုန်ည ကွာ"

နီ့ကို ရှောင်နှင့် ပွားက ဝိုင်းငေးလိုက်ကြသည်။

"နီ မင်းက ကျန်တဲ့နေရာတွေမှာသာ အသုံးမကျတာ၊ ဒါမျိုးကလေးတွေကျတော့ ရတယ်နော်"

"ဘဝပေး ကံပေါ့ကွာ"

သူငယ်ချင်းသုံးယောက် အားပါးရ ရယ်လိုက်ကြပြီး ထပ်ဖြည့်ထားသော ဖန်ခွက်ထဲက ဘီယာတွေကို အပြတ်ကစ်ပစ်လိုက်ကြသည်။ ဘီယာခွက်တွေကို ကောင်းဘွိုင်တွေလို 'ဝှပ်'ခနဲချပြီးတော့မှ ရှောင်ကပြောသည်။

"ကဲ ချက်ရယ်၊ ဂျာမနီရယ်၊ ပြင်သစ်ရယ် အုပ်စုပွဲထဲကနေ မတက်ဘူးဆိုရင် ဘယ်လိုလုပ်ကြမှာလဲ"

"အဲဒီကျတော့ ကွာတားမှာတက်လာတဲ့ နိုင်ငံတွေကို ရွေးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့လုပ်ကွာ၊ ငါတို့တစ်တွေရွေးတဲ့ သုံးသင်းထဲက နှစ်နိုင်ငံ တက်ရင် ဒီအတိုင်းဆက်သွားကြမယ်၊ မတက်တဲ့နိုင်ငံကို ယူမိတဲ့လူ ကတော့ နေခဲ့တော့ပေါ့"

"တစ်နိုင်ငံပဲ တက်ရင်ရော"

"အဲဒါဆိုရင်တော့ Sorry ပဲ၊ ကွာတားတက်လာတဲ့ နိုင်ငံတွေထဲက ကြိုက်တဲ့နိုင်ငံကို ထပ်ရွေးခွင့်ရှိတယ်"

"ကောင်းတယ်ကွ၊ အဲဒါမှ ယူရိုရင်ခုန်ည အစစ်ပဲ"

"တစ်ခုတော့ ပြောချင်တယ်ကွာ၊ ယူရိုရင်ခုန်ပဲထားကွာ၊ ညကြီးကို ဖြုတ်ပစ်လိုက်တော့"

ပွားကြီးစကားကို နီနှင့် ရှောင်က ခဏတော့ စဉ်းစားသည်။ ပြီးတော့ နီနှင့်ရှောင်သည် အချင်းချင်း တစ်ချက်လှမ်းကြည့်လိုက်ကြ၏။

ပြီးတော့ ဘီယာမတ်ခွက်တွေအားလုံး လေထဲသို့ ရောက်သွားသည်။

"ယူရိုရင်… ခုန်…"

▢

# ဆရာလုပ္ပွဲ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပွားကြီးက လက်ကို နောက်ပစ်ခါ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်၍နေသည်။ နီနှင့် ရှောင်ကတော့ တစ်ယောက်နှင့်တစ်ယောက် တောင် မကြည့်နိုင်ဘဲ ခေါင်းကိုမေ့ပြီး ငုံ့ထားကြသည်။

နီနှင့် ရှောင် ရွေးသော ချက်နှင့် ပြင်သစ်သည် ပရိသတ်ကြီးသိပြီးသည့် အတိုင်း ပြိုင်ပွဲမှ မလှမပ ထွက်ခွာသွားခဲ့ကြရသည်။

"ဂျာမနီဟာ ဂျာမနီပါပဲကွာ၊ နီ မင်းက အတောင့်ဆုံးကြီးနဲ့ တွေ့ပြီးမှ ဘာဖြစ်လို့ ချက်ကို ရွေးရတာလဲ"

ပွားအာမက်သည် ဒီနေ့အတွက်တော့ သူတို့ သူငယ်ချင်းသုံးယောက် ထဲမှာ အသုံးအကျယ်ဆုံးပုဂ္ဂိုလ် ဖြစ်၍နေသည်။ အသုံးဆိုတာကလည်း ကျယ်ချင်တိုင်း ကျယ်လို့ရတာမဟုတ် ကျယ်ခွင့်ရမှ ကျယ်ရသောအရာ ဖြစ်သည်။



BURMESE CLASSIC .com



အခု ပွားအာမက်ရွေးသော ဂျာမနီအသင်းက ဗိုလ်လုပွဲသို့ တက်သွားပြီဆိုတော့ ပွားအာမက်ကြီးသည် သူတို့ သူငယ်ချင်းသုံးယောက်ကြားထဲမှာ အသုံးအကျယ်ဆုံးပုဂ္ဂိုလ် ဖြစ်နေခြင်းဖြစ်၏။

"ငါကလည်း အတောင့်ဆုံးကြီးကို တွေ့လို့ ချက်ကိုရွေးတာပေါ့ကွ"

"အတောင့်ဆုံးကြီးနဲ့ ချက်ကတော့ ဘာမှမဆိုင်ဘူး နီရေ၊ ငါကတော့ အတောင့်တင်းဆုံးအသင်း ဂျာမနီကိုပဲ ရွေးတာ၊ ကဲ ပြင်သစ်သမားလေး ပြောစမ်းပါဦး"

"ငါ ဘာမှမပြောချင်ဘူး၊ ပြင်သစ်တွေ ဘောလုံးမကန်ကြဘူးကွာ၊ လူကိုပဲ ကြားလုံးထုတ်နေတာ၊ သူတို့ကို ကလပ်အသင်းတွေက စိတ်ဝင်စားအောင်ပဲ လုပ်နေကြတာ။ ဟော်လန်နဲ့နေ့က ကြည့်ပါလား၊ အွန်နရီ တစ်ယောက်ကလွဲပြီး ဘယ်သူမှ မကြိုးစားကြဘူး။ ဟိုဘက်က ရော်ဘင်၊ ကူရစ်၊ ဗန်ပါစီနဲ့ စနိုက်ဒါ ကဲ"

ပွားအာမက် ပီတာရှောင်၏စကားကို ခေါင်းကလေးတညိတ်ညိတ် ဖြင့် ထောက်ခံလိုက်သည်။

သူငယ်ချင်းနှစ်ယောက်ကလည်း ပွားအာမက်ကို ထပင်ထိုးချင်နေကြပြီဖြစ်သည်။ သူတို့မှာက အရှုံးတွေနှင့် ဖြစ်သဖြင့်သာ သည်းခံနေကြရ၏။

"ဒီလိုကွာ"

နီရော ရှောင်ပါ ပွားအာမက်ကြီးကို ကြည့်လိုက်သော်လည်း ပွားကြီးက 'ဒီလိုကွာ'နှင့် စကားကို ဆက်မပြောဘဲ ဆရာကြီးအိုက်တင်နှင့် လမ်းလျှောက်နေသည်။

ပွားကြီးက 'ဟီဟီ'ကလေးကိုလည်း ဖိတ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အတောင့်ဆုံးကြီး'ကိုလည်း ခေါ်ချင်သည်။

ဘောင်ချာဖြတ်သွားသော 'ဆရာမ'ကိုလည်း ရှိစေချင်သည်။ ဒီအကြောင်းကို ပြောပြလိုက်တော့ သူငယ်ချင်းနှစ်ဦးစလုံးက ဆန့်ကျင်ကြသည်။

"ငါက အတောင့်ဆုံးကြီးကို ဘယ်လိုလုပ် ခေါ်လို့ရမှာလဲကွ"

"ဆရာမက ပိုဆိုးတာပေါ့၊ မင်းရဲ့ 'ဟီဟိ'လေးကိုပဲ သွားခေါ်လိုက်ပါလား ငပွားရဲ့"

ပွားအာမက်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း အားရပါးရကြီးကို အော်ရယ်လေသည်။

"ဟား... ဟား... ဟား... ဟား... ဟား ငါသိပါတယ်ကွာ၊ ငါ့အတွက် ဟီဟိလည်း မလိုပါဘူး၊ အတောင့်ဆုံးကြီးလည်း မလိုပါဘူး။ ငါလိုချင်တာက..."

ပွားအာမက်က သူငယ်ချင်းနှစ်ယောက်ကို ကြည့်လိုက်သည်။

သူငယ်ချင်းနှစ်ယောက်ကလည်း သူ့ကိုပြန်ကြည့်လိုက်ကြ၏။

ထိုအကြည့်များတွင် ချစ်ခြင်း၊ ခင်ခြင်း၊ ရင်းနှီးခြင်းဆိုသော စေတနာအဓိပ္ပာယ်များအားလုံး ပါကြသည်။

"ငါလိုချင်တာ ရင်ခုန်သံပဲ"

နီနှင့် ရှောင်တို့ ဝမ်းသာအားရ ပြုံးလိုက်ကြသည်။

"အဲဒီတော့"

"ငါ မင်းတို့ကို စပိန်ပေးမယ်ကွာ"

"ဘယ်သူ့ကိုလဲ"

"မင်းတို့နှစ်ယောက်စလုံးက စပိန်၊ ငါက ဂျာမနီပဲ၊ ဟစ်တလာကို





နှုတ်ခမ်းမွေး ဆွဲနုတ်ချင်တာကလွဲရင် ငါ ဂျာမနီလူမျိုးတွေကို သဘောကျတယ်။ အင်မတန် မာကျောတယ်ကွ၊ ကစားတဲ့အခါမှာလည်း မင်းတို့တွေ့တယ်မဟုတ်လား"

"ဒါပေမယ့် ခရီးအေးရှားကိုတော့ ရှုံးသွားတယ်လေ"

"သူက ရှုံးလည်းတက် နိုင်လည်းတက်လေ၊ ဒါကြောင့်မို့ပေါ့ ဟစ်တလာက စစ်မျက်နှာ နှစ်ဖက်ဖွင့်လို့ ကျဆုံးတာကို အခု ဂျာမနီတွေက ကောင်းကောင်း သင်ခန်းစာယူသွားကြပြီဆိုတာ မင်းတို့ သိထားကြကွာ"

"ပွားကြီး စပိန်တွေကလည်း နွားရိုင်းနဲ့သတ်နေတဲ့ ဝေါ်တွေပါကွ၊ မီလာတို့ ဖာဘရီဂက်စ်တို့ကို မင်း ဘယ်မှာသွားထားမှာလဲ၊ မင်းတို့ တောင့်ပါတယ် တင်းပါတယ် မှည့်ပါတယ်ဆိုတဲ့ ရှရှကို လေးလုံးထည့်သွားတာ မဟုတ်လား"

"မင်းတို့သဘောလေ၊ ဒါက ငါ့ရဲ့ ဒုတိယအကြိမ် လိုက်လျှောမှုပဲ၊ ငါကလည်း ရင်ခုန်ချင်တာကိုး"

"ငါနဲ့ ရှောင်ပီတာက 'စပိန်'ပေါ့ ဟုတ်လား"

နီက ဒေါသတကြီးနှင့် ထရပ်၍ပြောသော်လည်း သူငယ်ချင်းသုံးယောက်၏ မျက်နှာမှာတော့ အပြုံးတွေ ကိုယ်စီရှိနေကြသည်။

"ဟုတ်တယ်၊ နှစ်ယောက်တစ်ယောက် ရင်ခုန်ကြမယ်ကွာ"

"အတူတူကြည့်ကြမှာလား"

"အေးပေါ့ ရှောင်ရဲ့"

"ဟီဟိကို ခေါ်ကွာ၊ အချိန်ပိုတို့၊ ပင်နယ်တီတို့ဆိုရင် သူနဲ့လောင်းရအောင်"

"ဟီဟိ"



www.burmeseclassic.com

www.burmeseclassic.com



ပွားအာမက်က ခဏစဉ်းစားသည်။

"ငါ နောက်နေ့ ကာရာအိုကေဆိုင်ကိုမေးတော့ ဟီဟီက မလာတော့ဘူးတဲ့။ ငါကလည်း သူ့လိပ်စာကို မေးမထားလိုက်ဘူးကွာ၊ သူပါ ငါတို့နဲ့ အတူ ဒီယူရိုဗိုလ်လုပွဲကို ကြည့်ရင်တော့ ရင်အခုန်ဆုံးပဲပေါ့ကွာ"

"သူက 'ဟီဟီ'ပဲ ရယ်မှာမဟုတ်လား"

"ခြေထောက်ကလေး လှုပ်သေးတယ်ကွ"

သူငယ်ချင်းသုံးယောက် အားရပါးရ ရယ်လိုက်ကြသည်။

"အတောင့်ဆုံးကြီးကရော မင်း ခေါ်လို့ မရဘူးလား"

"သူ့အစ်ကို အကြီးဆုံးက လှမ်းကိုက်နေဘ်"

"အေး ဒါဆို ထားလိုက်ပါတော့ကွာ။ အဲဒါဆိုရင် ငါကတစ်ဖက်၊ မင်းတို့ကတစ်ဖက်၊ ကိုယ့်အိပ်မက်နဲ့ကိုယ် ယူရိုကို နောက်ဆုံး ရင်ခုန်ကြစို့"

"ဘာကတိထားမှာလဲ"

"တစ်သက်လုံး 'ဆရာကြီး' ခေါ်ကြေး"

"ဘာ"

"မင်းတို့နှစ်ယောက်ရှုံးရင် ငါ့ကို ပွားကြီးတွေဘာတွေ လာမလုပ်နဲ့၊ လူရှေ့သူရှေ့မှာ 'ဆရာ'လို့ ခေါ်ရမယ်"

အေး ငါ့ဂျာမနီက ရှုံးရင်လည်း မင်းတို့ကို အဲဒီကတိအတိုင်း ငါက 'ဆရာ'လို့ခေါ်မယ် ကဲ"

နီနှင့် ရှောင် တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးတော့ ခဏတီးတိုးတိုင်ပင်သည်။ ပြီးတော့ လက်ဝါးချင်းရိုက်လိုက်ကြ၏။

"OK ပွားကြီးရေ...၊ ဂျာမနီနဲ့ စပိန်ရဲ့ ယူရိုဗိုလ်လုပွဲကို ငါတို့နှစ်ယောက်က နာမည်အသစ်ပေးတယ်"



BURMESE CLASSIC .com



"ဘာလဲ၊ ဘာနာမည်လဲ"

**'ဆရာ'လုပွဲ**

"အာ... ကြိုက်တယ်ကွာ"

သူငယ်ချင်းသုံးယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။ ပြီးတော့ ဘီယာဆိုင်ကို ထွက်သွားကြ၏။ ဘယ်သူ 'ဆရာ' ဖြစ်မည်ဆိုတာကို ဂျာမနီနှင့် စပိန်တို့က ကြိုးစားကြပါလိမ့်မည်။

❐

နီကိုရဲ

www.burmeseclassic.com